# ပါဠိဝါကျတည်ဆောက်နည်းများ

## သာသနတက္ကသီလ ဓမ္မာစရိယတန်း

(ပထမနှစ်၊ ဒုတိယနှစ်)

**အရှင်စန္ဒာဝရာဘိဝံသ**

**သာသနာရေးဝန်ကြီးဌာန**

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

သာသနာ - ၂၅၄၂ ကောဇာ - ၁၃၆၀ ခရစ် - ၁၉၉၈

၂၄၂၇၉ ၄၉၁.၃၇ ၇/၄
ဝ၃ဝ

# ပါဠိဝါကျတည်ဆောက်နည်းများ

## သာသနတက္ကသီလ ဓမ္မာစရိယတန်း

(ပထမနှစ်၊ ဒုတိယနှစ်)

## အရှင်စန္ဒာဝရာဘိဝံသ

[redacted]

## သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာ – ၂၅၄၂ ကောဇာ – ၁၃၆၀ ခရစ် – ၁၉၉၈

ပထမအကြိမ် ● ၁၉၉၈-ခုနှစ်
အုပ်ရေ ● ၃၀၀၀

၄၉၁.၃၅
ထ30

**ထုတ်ဝေသူ**

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးဦးထင်မျိုး၊ မှတ်ပုံတင်အမှတ် ၁၁/၉၄(၁)မှ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သင်တန်းများအတွက် ထုတ်ဝေသည်။

**ပုံနှိပ်သူ**

ဒေါက်တာအေးအေးမြင့် (မြဲ-၀၃၉၉၉)၊ မြဂ်မခပုံနှိပ်တိုက်
အမှတ် ၁၁၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၈၇၄၈၃

# နိဒါန်း

ဗုဒ္ဓမြတ်စွာသည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများ ဘဝငြိမ်းချမ်းရေး ရရှိကြရန် (၄၅)ဝါကာလပတ်လုံး နေ့ရောညဉ့်ပါ အကြောင်းအတ္တုပ္ပတ်အားလျော်စွာ တရားဓမ္မများကို ဟောပြောပြ,သတော်မူခဲ့၏။ ယင်းသို့ ဟောပြောပြ,သတော်မူရာ၌ မဂဓတိုင်းသုံးဘာသာစကား၊ အရင်းခံဘာသာစကား၊ အဆင့်အတန်းအမြင့်ဆုံး ဘာသာစကားဖြစ်သော ပါဠိဘာသာကို အသုံးပြုတော်မူခဲ့၏။ ဗုဒ္ဓမြတ်စွာ ဟောပြောပြ,သတော်မူခဲ့သော တရားဓမ္မများသည် ပိဋကအားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ပမာဏအထိ များပြားကျယ်ဝန်းတော်မူလှ၏။ အနက်အဓိပ္ပာယ်အားဖြင့်လည်း နက်နဲသိမ်မွေ့လှပေ၏။ ဘုရားဟောတရားဓမ္မများကို ပိဋကတ်နယ်ပယ်၌ "ပါဠိတော်"ဟု ခေါ်စမှတ်ပြုကြ၏။ ပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ စသည်တို့လည်း ရှိကြသေး၏။ ယင်းတို့ကိုလည်း ပါဠိဘာသာ ဖြင့်ပင် ဖွင့်ဆိုတော်မူခဲ့ကြ၏။ ၎င်းပိဋကတ်တော်များကို "နိကာယဏ္ဏဝ=နိကာယ် သမုဒ္ဒရာကြီး၊ ပိဋကဏ္ဏဝ = ပိဋကတ်သမုဒ္ဒရာကြီး"ဟု မဟာသမုဒ္ဒရာနှင့် ဥပမာ ပုံခိုင်း၍ နှိုင်းပြတော်မူကြ၏။ မဟာသမုဒ္ဒရာကြီးသည် ကျယ်ဝန်းနက်ရှိုင်းသကဲ့သို့၊ ပိဋကတ်တော်များသည်လည်း ကျယ်ဝန်းနက်ရှိုင်းသောကြောင့် ဖြစ်၏။

ဤသို့ ကျယ်ဝန်းနက်ရှိုင်းသော ပိဋကတ်သမုဒ္ဒရာသို့ သက်ဝင်ကျက်စားနိုင် ရန်မှာ သာမန် သဒ္ဓါအား၊ ဝီရိယအား စသည်တို့ ရှိရုံမျှဖြင့် လုံလောက်မည် မဟုတ်ပေ။ ထက်သန်သော သဒ္ဓါအား၊ ဝီရိယအား စသည်တို့နှင့် ပြည့်စုံရမည့်အပြင် ပိဋကတ်တော်သို့ သက်ဝင်ကျက်စားနိုင်သည့် နည်းစနစ်ကောင်းနှင့် ပြည့်စုံရန်လည်း အမှန်ပင် လိုအပ်ပေ၏။ သို့မှသာ လွယ်လင့်တကူ သက်ဝင်ကျက်စားနိုင်ပြီး၊ ပိဋကတ်၏ အရသာထူးကို ကြည်ကြည်နူးနူး ခံစားနိုင်မည်ဖြစ်၏။ ယင်းနည်း စနစ်ကောင်းဟူသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ပါဠိဝါကျအသွားအလာ ဟန်အတိုင်း ကိုယ်ပိုင်ပါဠိဝါကျတည်ဆောက်ခြင်း ဖြစ်ပါ၏။ ယင်းသို့ တည် ဆောက်ရာ၌ သဒ္ဒါကျမ်းလာ နယူပဒေသများ၏ အကူအညီကိုလည်း မလွဲမသွေ ရယူရမည် ဖြစ်ပါ၏။

ထို့ကြောင့် ရှေးရှေးဆရာတော်ဘုရားကြီးများသည် မိမိ၏ တပည့်များကို အခြေပါဒ သင်ဦးစဉ်ပင် ပါဠိဝါကျများကို သီကုံးရေးသားစေသောအားဖြင့် ၎င်း နည်းစနစ်ကို အသုံးပြုတော်မူခဲ့ကြ၏။ ဤနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

တို့၌လည်း ဤနည်းစနစ်ကို အသုံးပြုရန် အတန်းတိုင်း၌ သင်ရိုးညွှန်းတမ်းဖြင့် ပြဋ္ဌာန်းခဲ့ပါ၏။ ပြဋ္ဌာန်းသည့်အတိုင်းလည်း ပို့ချခဲ့ပါ၏။

ဤစာအုပ်၌ သာသနတက္ကသိလမ္ဗာစရိယတန်း၊ ပထမနှစ် ပါဠိဘာသာရပ်ဆိုင်ရာ ပါဠိ ၁၀၁(က)နှင့် ဒုတိယနှစ် ပါဠိဘာသာရပ်ဆိုင်ရာ ပါဠိ ၂၀၁(က) ပို့ချချက်တို့ကိုသာ ပြဆိုထားပါ၏။ ပါဠိ ၁၀၁(က)အတွက် ဝါကျ (၉)မျိုးဖြစ်၍၊ ပါဠိ ၂၀၁(က)အတွက်မူ ဝါကျ (၇)မျိုး ဖြစ်၏။

၎င်းဘာသာရပ်နှင့် စပ်လျဉ်း၍ သင်တန်းသားများ သဒ္ဒါနည်းစနစ်ပိုင်းဆိုင်ရာ အခက်အခဲမရှိကြစေရန် ပါဠိဝါကျအရေးအသားကို အထောက်အကူပြုမည့် သဒ္ဒါနည်းစနစ်များကို ပထမပိုင်း နှစ်ဝက်၌ ပို့ချပေးခဲ့၏။ ဒုတိယပိုင်း နှစ်ဝက်ရောက်မှ ဤဘာသာရပ်များကို ပို့ချခဲ့ပါ၏။ ပို့ချချိန်မှာ (၁၆)ချိန်ဖြစ်၍၊ တစ်ချိန် တစ်ချိန်လျှင် မိနစ် (၅၀)ဖြစ်၏။ ၎င်းအချိန်နှင့် အံဝင်ခွင်ကျမှု ရှိစေရန် ပို့ချချက်များကို အတတ်နိုင်ဆုံး အကျဉ်းချုံး၍ စီစဉ်ရေးသားခဲ့ပါ၏။

ဤစာအုပ်ပါ ပါဠိဝါကျများကို ကြေညက်စွာ လေ့လာပြီးဖြစ်ပါက ကိုယ်ပိုင်ပါဠိဝါကျများကို တည်ဆောက်နိုင်မည့်ပြင်၊ ပိဋကတ်သမုဒ္ဒရာသို့ သက်ဝင်ကျက်စားရာ၌လည်း များစွာ အကူအညီ ရရှိလိမ့်မည်ဟု ယုံကြည်ပါ၏။ ကျွန်ုပ်၏ ယုံကြည်ချက်အတိုင်း စာရှုသူအား ရာနှုန်းပြည့် မဟုတ်စေကာမူ၊ တစ်စုံတစ်ရာ အကျိုးပြုသည်ဟု ဆိုလျှင်ပင် ပန်းသရွေ့ ချမ်းမြေ့ရမည် ဖြစ်ပါ၏။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စာမူများကို ပြင်ဆင်/ဖတ်ရှုပေးသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဂဏဝါစက၊ နယဒေသက ဆရာတော်များ၊ ကုန်ကျစရိတ်ကို ဌာနဘဏ္ဍာငွေဖြင့် စီမံပေးသော သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ န-ပ-သ ဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းမြတ်အောင်၊ ကွန်ပျူတာရိုက်နှိပ်ရာတွင် အနီးကပ်ကြီးကြပ်လမ်းညွှန်ပေးသော ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ)နှင့် ကွန်ပျူတာပညာရှင်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ(ဌာနမှူး)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ရန်ကုန်
၁-၈-၁၉၉၈-ခု

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| | သင်ရိုးအမှတ် ပါဠိ – ၁၀၁ (က) | |
| ၁။ | **ပုစ္ဆာဝါကျ** | ၁ |
| | နိဒါနံ | ၁ |
| | ပုစ္ဆာဝါကျလေးမျိုး | ၁ |
| | (၁) ဥပဒေသော | ၂ |
| | နိဒေဿတဗ္ဗဝါကျာနိ | ၂ |
| | (၂) ဥပဒေသော | ၂ |
| | နိဒေဿတဗ္ဗဝါကျာနိ | ၃ |
| | (၃) ဥပဒေသော | ၃ |
| | နိဒေဿတဗ္ဗဝါကျာနိ | ၄ |
| | (၄) ဥပဒေသော | ၄ |
| | နိဒေဿတဗ္ဗဝါကျာနိ | ၅ |
| ၂။ | **ဝိသဇ္ဇနာဝါကျ** | ၆ |
| | နိဒါနံ | ၆ |
| | ဥပဒေသော | ၆ |
| | နိဒေဿတဗ္ဗဝါကျာနိ | ၆ |
| | ပရိစယဝါကျာနိ | ၇ |
| ၃။ | **ကိံ ပန၊ ကိမင်္ဂ ပန၊ ကုတော ပနဝါကျများ** | ၈ |
| | နိဒါနံ | ၈ |
| | ဥပဒေသော | ၈ |
| | နိဒေဿတဗ္ဗဝါကျာနိ | ၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပရိစယဝါကျာနိ | ၉ |
| ၄။ | **ပဂေဝဝါကျ** | ၁၀ |
| | နိဒါနံ | ၁၀ |
| | ဥပဒေသော | ၁၀ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၁၁ |
| | ပရိစယဝါကျာနိ | ၁၁ |
| ၅။ | **ကော ပန ဝါဒေါဝါကျ** | ၁၁ |
| | နိဒါနံ | ၁၁ |
| | ဥပဒေသော | ၁၂ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၁၂ |
| | ပရိစယဝါကျာနိ | ၁၃ |
| ၆။ | **အပွေဝ နာမဝါကျ** | ၁၄ |
| | နိဒါနံ | ၁၄ |
| | ဥပဒေသော | ၁၄ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၁၄ |
| | ပရိစယဝါကျာနိ | ၁၅ |
| ၇။ | **ယာဝဝါကျ** | ၁၆ |
| | နိဒါနံ | ၁၆ |
| | (၁) ဥပဒေသော (အနိယမအနက်) | ၁၆ |
| | (၂) ဥပဒေသော (အဝဓိအနက်) | ၁၆ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၁၇ |
| | ပရိစယဝါကျာနိ | ၁၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ |
| --- | --- |
| ၈။ | ပုရေ၊ ပုရာဝါကျများ |
| | နိဒါန်း |
| | ဥပဒေသော |
| | နိဒဿေတဗ္ဗဝါကျာနိ |
| | ပရိစယဝါကျာနိ |
| ၉။ | တေန ဟိဝါကျ |
| | နိဒါန်း |
| | ဥပဒေသော |
| | နိဒဿေတဗ္ဗဝါကျာနိ |
| | ပရိစယဝါကျာနိ |
| | သင်ရိုးအမှတ် ပါဠိ – ၂၀၁ (က) |
| ၁။ | စောဒနာ၊ သောဓနာဝါကျများ |
| | နိဒါန်း |
| | ဥပဒေသော |
| | နိဒဿေတဗ္ဗဝါကျာနိ |
| | ပရိစယဝါကျာနိ |
| ၂။ | အနိယမ၊ နိယမဝါကျများ |
| | နိဒါန်း |
| | (က) ဥပဒေသော (အနိယမဝါကျအတွက်) |
| | (ခ) ဥပဒေသော (နိယမဝါကျအတွက်) |
| | နိဒဿေတဗ္ဗဝါကျာနိ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပရိစယဝါကျာနိ | ၂၈ |
| ၃။ | **ပဋိသေဓဝါကျ** | ၂၉ |
| | နိဒါန်း | ၂၉ |
| | ဥပဒေသော | ၃၀ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၃၀ |
| | ပရိစယဝါကျာနိ | ၃၁ |
| ၄။ | **ပရိကပ္ပဝါကျ** | ၃၁ |
| | နိဒါန်း | ၃၁ |
| | နိယာမ်များ | ၃၁ |
| | ဥပဒေသော | ၃၂ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၃၂ |
| | ပရိစယဝါကျာနိ | ၃၃ |
| ၅။ | **ကာလာတိပတ္တိဝါကျ** | ၃၄ |
| | နိဒါန်း | ၃၄ |
| | ဥပဒေသော | ၃၄ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၃၄ |
| | ပရိစယဝါကျာနိ | ၃၆ |
| ၆။ | **သင်္ချာဝါကျ** | ၃၆ |
| | နိဒါန်း | ၃၆ |
| | ဥပဒေသော | ၃၇ |
| | နိဒဿေတဗ္ဗဝါကျာနိ | ၃၇ |
| | ပုစ္ဆာ၊ ဝိသဇ္ဇနာပါသော သင်္ချာဝါကျ | ၃၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သရုပဝါကျ ရှေ့က နေသော သချာဝါကျများ | ၃၉ |
| | သရုပဝါကျ နောက်က နေသော သချာဝါကျ | ၃၉ |
| | ပရိစယဝါကျာနိ | ၃၉ |
| ၇။ | ကိရိယာဝိသေသနဝါကျ | ၄၀ |
| | နိဒါန်း | ၄၀ |
| | ဥပဒေသော | ၄၀ |
| | နိဒဿနဝါကျာနိ | ၄၁ |
| | ပရိစယဝါကျာနိ | ၄၁ |
| | နိဂုံး ပတ္တနာ | ၄၂ |
| | မှီငြမ်းကိုးကားသော ကျမ်းစာများ | ၄၃ |

# သာသနတက္ကသိုလ်မော်စရိယတန်း
# (ပထမနှစ်)
# ပါဠိဝါကျတည်ဆောက်နည်းများ
# သင်ရိုးအမှတ် ပါဠိ-၁၀၁ (က)

## ၁။ ပုစ္ဆာဝါကျ

**နိဒါန်း(ဝါကျအကြောင်း)။** ။ တစ်စုံတစ်ရာကိုသိလို၍ မေးခြင်းကို ပါဠိလို ပုစ္ဆာဝါကျ၊ မြန်မာလို အမေးစကား (ဝါ) မေးခွန်းဟု ခေါ်သည်။ ယင်းအမေးစကားကို ဖြေကြားခြင်းကို ပါဠိလို ဝိသဇ္ဇနာဝါကျ၊ မြန်မာလို အဖြေစကား (ဝါ) ဖြေကြားခြင်းဟု ခေါ်သည်။

ပုစ္ဆာဝါကျနှင့် စောဒနာဝါကျနှစ်ခုအထူးကို 'အာဘော် မပါ၊ မေးပုစ္ဆာ၊ အာဘော်ပါမှ၊ စောဒနာ'ဟု ယေဘုယျ သတ်မှတ်ထားကြသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ရာကို သိလို၍ သိရှိရုံမျှသက်သက် ရည်ရွယ်ချက်ဖြင့် မေးခြင်းကို ပုစ္ဆာဟုခေါ်၍ မကျေနပ်ချက်ကို ထုတ်ဖော်ပြပြီးမှ အကြောင်းယုတ္တိကို သိလို၍ မေးခြင်းကို စောဒနာဟုခေါ်သည်။

ပုစ္ဆာဝါကျကို အများအားဖြင့် 'ကိံ'သဗ္ဗနာမ်ပုဒ်ဖြင့် တန်ဆာဆင်၍ ရေးကြသည်။ အပိ၊ နု၊ နော စသော ပုစ္ဆာဇောတက နိပါတ်ပုဒ်တို့ဖြင့်လည်း ရေးသည်။ တစ်ရံတစ်ခါ ပုစ္ဆာဇောတက နိပါတ်မပါဘဲ ကြိယာကို ဝါကျ အစသို့တင်၍ ရေးသည်လည်းရှိ၏။ ကြိယာကို ဝါကျအဆုံး၌ထား၍ ရေးသည်ကိုလည်း တွေ့ရ၏။

**ပုစ္ဆာဝါကျ လေးမျိုး**

'ကိံ'သဗ္ဗနာမ်ပုဒ်ဖြင့် ပုစ္ဆာဝါကျရေးရာ၌ –

၁။ ကိံ သဒ္ဒါချည်းသက်သက်ဖြင့် ရေးသော ပုစ္ဆာဝါကျ၊

၂။ အပိ၊ နု၊ နော စသော ပုစ္ဆာဇောတက နိပါတ်များနှင့်တွဲ၍ ရေးသော ပုစ္ဆာဝါကျ၊

၃။ ကို ကို ကပြု၊ ဝိဘတ်နှစ်သွယ်သက်၍ ပုစ္ဆာနာမ်စား၊ နာမဝိသေသန အဖြစ်ဖြင့် ရေးသော ပုစ္ဆာဝါကျ၊

၄။ ကို နောင် တော – စသော ပစ္စည်းဆက်၍ ရေးသော ပုစ္ဆာဝါကျ ဟု လေးမျိုးရှိ၏။

**၁။ ဥပဒေသော(ဝါကျရေးသားနည်းစနစ်)**

၁။ ကို သဒ္ဒါချည်းသက်သက်ဖြင့် ပုစ္ဆာဝါကျရေးသားရာ၌–

(က) ကို သဒ္ဒါကို ဝါကျ၏ အစ၊ အလယ်၊ အဆုံးတို့၌ သင့်သလိုထားနိုင်သည်။

(ခ) ကာလသုံးပါး၊ ဝစ်နှစ်ပါး၊ ပုရိသ်သုံးပါးတို့ဖြင့် ရေးနိုင်သည်။

(ဂ) ကတ္တားပုဒ်ထည့်လိုက ထည့်နိုင်သည်၊ မထည့်လိုက နေနိုင်သည်။ ကတ္တားပုဒ်မထည့်လျှင် ကြိယာသည် ဖြစ်သင့်သော ကတ္တားနှင့် လျော်ညီစေရမည်။

(ဃ) ရံခါ အာလုပ်ပုဒ်ကို ထည့်ကြသည်။

**နိဒဿနဝါကျာနိ(ပါဠိတော်၊ အဋ္ဌကထာများ၌လာသော နမူနာဝါကျများ)**

၁။ တံ ကို မညသိ မဟာရာဇ၊

၂။ နိဒ္ဒံ ဩက္ကမိ ကို၊

၃။ သင်္ကောသိ ကို ဇိဃစ္ဆ သဟိတုံ၊

၄။ ကျာဟံ ကရောမိ၊ (စိန္တန)

၅။ ကို ဘန္တေ၊ (ပဋိဝစန)

**၂။ ဥပဒေသော**

၂။ အပိ၊ နု၊ နော စသော ပုစ္ဆာဇောတကနိပါတ်များနှင့် တွဲ၍ ပုစ္ဆာဝါကျ ရေးသားရာ၌–

(က) ကို ပန စသော ပုဒ်များကို ဝါကျအစ၌သာ ထား၍ ရေးရမည်။

(ကျန်ဥပဒေသများမှာ အမှတ်(၁) ပုစ္ဆာဝါကျအတိုင်းပင် ဖြစ်၏။)

## ပါဠိဝါကျတည်ဆောက်နည်းများ

**နိဒဿေတဗ္ဗဝါကျာနိ**

၁။ ကိံသု ဆေတွာ သုခံ သေတိ၊ ကိံသု ယာဝ ဇရာ သာဓု၊ (ဘာလဲ၊ ဘယ်ဟာလဲ)

၂။ ကိံနု ဘီတောဝ တိဋ္ဌသိ၊ ကိံနု တိဿော ရောဒမာနော အာဂစ္ဆတိ၊ (ဘာကြောင့်)

၃။ ကိံပန တွံ ဥဒါယိ ဧဝံ ဝဒေသိ၊ ကိံပန တုမှေ အာဝုသော နိဂဏ္ဌာ ဇာနာထ၊ (ဘာကြောင့်၊ ဘယ်လို)

၄။ ကိံနုခေါ မာလုကျပုတ္တ ဧဝံ အဝစ၊ ကိံနုခေါ အဟောသိံ အတီတမဒ္ဓါနံ၊ (ဟုတ်ရဲ့လား)

၅။ ကိံနုခေါ နာမ တုမှေ အာဝုသော မံ ဝတ္တဗ္ဗံ မညထ၊ (မှတ်ထင်စရာလား၊ မှတ်ထင်ကြတယ်နော်)

၆။ ကိန္တိ တံ ကရိဿာမိ၊ ကိန္တိ တွံ ဂါမံ ဂမိဿသိ၊ (ဘယ်လို၊ အဘယ်သို့)

၇။ ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ၊ ကိဉ္စရဟိ ဉာဇာဂတော၊ (ဘာကြောင့်)

၈။ ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ၊ (ဘယ်လို)

၉။ ကိံ မေ ဧကေန တိဏ္ဏေန ပုရိသေန ထာမဒဿိနာ၊(ဘာအကျိုးရှိမှာလဲ)
ကိံ တုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန၊
ကိံတေ ဇဋာဟိ ဒုမ္မေဓ၊
ကိံတေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊

(ဤဝါကျများ၌ ကိံ သဒ္ဒါကို သမ္ဗန္ဓ်ပုဒ်၊ ကရိယာပုဒ်တို့နှင့် တွဲ၍ ရေးသည်။)

**၃။ ဥပဒေသော**

၃။ ပုစ္ဆာနာမ်စား၊ နာမဝိသေသနပုဒ်တို့ဖြင့် ပုစ္ဆာဝါကျ ရေးသားရာ၌–

(က) ပုစ္ဆာနာမ်စားအဖြစ်ဖြင့် ရေးလျှင် ကိံ သဒ္ဒါသည် ကာရကခြောက်ပါးနှင့် သမ္ဗန္ဓ်အနက်ကိုဟောသည်၊ မိမိကိုယ်စားပြုသော နာမ်ပုဒ်၏ လိင်၊ ဝုစ် အတိုင်း ရှိရမည်။

(ခ) နာမဝိသေသနပုဒ် အဖြစ်ဖြင့် ရေးလျှင် ဝိသေသျပုဒ်၏ လိင်၊ ဝုစ်အတိုင်း ရှိရမည်။
(ကျန်ဥပဒေသများမှာ အမှတ်(၁)ပုစ္ဆာဝါကျအတိုင်းပင် ဖြစ်၏။)

**နိဒဿနပုဒ္ဓဝါကျာနိ**

(က) ၁။ ကော အာဂစ္ဆတိ ဝိဟာရံ၊
၂။ ကိံ အာဝုသော တွံ ဂမိဿသိ၊
၃။ ကေန တွံ နဂရံ ဂမိဿသိ၊
၄။ ကဿ အဒါသိ ပေါတ္ထကံ၊
၅။ ကသ္မာ အာဂစ္ဆသိ၊
၆။ ကဿေတံ အာဝုသော၊
၇။ ကိသ္မိံ အာဝုသော တွံ ဝသသိ၊

(ခ) ၁။ ကော ဒါယကော ဣမံ အာဂစ္ဆတိ၊
၂။ တွံ အာဝုသော ကံ ပဒေသံ ဂမိဿသိ၊
၃။ ကေန ယာနေန တွံ ဂမိဿသိ၊
၄။ ကဿ ပုဂ္ဂလဿ အဒါသိ၊
၅။ ကသ္မာ ဂါမာ တွံ ပစ္စာဂတောသိ၊
၆။ ကဿာစရိယဿ သိဿော တွံ၊
၇။ ကိသ္မိံ ဝိဟာရေ တွံ ဝသိဿသိ၊

**၄။ ဥပဒေသော**

၄။ ကိံ နှောင် တော စသော ပစ္စည်းဆက်၍ ပုစ္ဆာဝါကျရေးသားရာ၌-
(က) ကိံ သဒ္ဒါကို တော စသော နာမ်ပဉ္စမပိုင်းလာ ပစ္စည်းများ၊ ထံ စသော တဒ္ဓိတ်ပစ္စည်းများနှင့် တွဲစပ်၍ ရေးရမည်။
(ခ) ကိံ သဒ္ဒါကို ထိုက်သင့်သလို ကု၊ က အဖြစ်သို့ ပြောင်းလဲပေးရမည်။

(ဂ) ဟိ၊ နာမ၊ နု၊ နုခေါ စသော နိပါတ်ပုဒ်တို့နှင့် တွဲ၍ ရေးနိုင်သည်။

**နိဒဿနဝါကျာနိ။** (က) တော စသော ပစ္စည်းဆက်၍ ရေးသော နမူနာ ဝါကျများ။

၁။ ကုတော စ တွံ ဘိက္ခု အာဂစ္ဆသိ၊ (ဝိ၊၁၊၂၂၂)

၂။ တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ၊ (ဒီ၊၂၊၉၉)

၃။ ကပ္ပဿော ကပ္ပေ ဥယျ ဿေ ကတ္ထ ဂစ္ဆတိ၊ (ဝိ၊ ဠ၊ ၄၊၁၉၇)

၄။ ကရောတံ ဥပမိကံ ပုညံ၊ ကတ္ထ ဒိန္နံ မဟပ္ဖလံ၊

၅။ ကတ္ထ တေ အမိဂတံ၊(ဝိ၊၁၊၁၁၇)

၆။ ကတ္ထ နု ခေါ ဣမေ စတ္တာရော မဟာဘူတာ အပရိသေသာ နိရုဇ္ဈန္တိ၊ (ဒီ၊၁၊၂၀၈)

၇။ ကွ ဂတောသိ တွံ ဒေဝါနံပိယတိဿ၊(ဂဝေသိတဗ္ဗံ)

၈။ ဇဝံ ဝိမုတ္တစိတ္တော ပန ဘော ဂေါတမ ဘိက္ခု ကုဟိံ ဥပပဇ္ဇတိ၊(မ၊၂၊၁၅၄)

၉။ ဣမေ စ ထပတိ အကုသလာ သီလာ ကုဟိံ အပရိသေသာ နိရုဇ္ဈန္တိ၊ (မ၊၂၊၂၁၇) (ကုဟိန္တိ ကတရံ ဌာနံ ပါပုဏိတွာ)

၁၀။ ကဟံ ပန တာတ သုဒိန္န ဇတေရဟိ ဝိဟရသိ၊(ဝိ၊၁၊၂၀)

၁၁။ ကဟံ ပန တုမှေတိ တုမှေ ဣဒါနေဝ အာဂန္တွာ ကဟံ ဂစ္ဆထ၊(မ၊ဋ္ဌ၊၃၊၁၂၁)

၁၂။ ကဒါ တေ အမိကတံ၊ (ဒီ၊၂၊၂၁၃)

၁၃။ ကုဒါဿုနာမာဟံ သတေန ဝါ သဟဿေန ဝါ ပရိဝုတော၊(ဝိ၊၁၊၁၁၄)

(ခ) ထံ စသော ပစ္စည်းဆက်၍ ရေးသော နမူနာဝါကျများ။

၁။ ကထံ ဟိ နာမ မာဒိသော သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဝိဇိတေ ဝသန္တံ အပသာဒေတဗ္ဗံ မညေယျ၊ (ဒီ၊၁၊၄၉)

၂။ တွံ ပနာဝုသော ဂေါတမ ကတိ ကမ္မာနိ ပညပေသိ ပါပဿ ကမ္မဿ ကိရိယာယ၊ (မ၊၂၊၃၆)

၃။ ကတရသ္မိံ ဇနပဒေ ဝိဟရိဿသိ၊(မ၊၃၊၃၁၂)

၄။ ကိံဝစီရံ၊ ကိံဝဒီယော၊ ကိံဝဒူရော၊

၅။ ကိံဝတိကာ ဘန္တေ ဘိက္ခူ၊ (ဝိ၊၃၊၁၅၇) (ကိံဝတိက၊ ကိံဝတက)

၆။ ဂစ္ဆန္တံ့သ ကတိ အာပတ္တိယော၊ ဌိတဿစာပိ ကိတ္တကာ၊ (ဝိ၊၅၊၃၆၆)

၇။ ကိတ္တကေန တေ ဘန္တေ ကိံတာနိ၊(ဝိ၊၁၊၃၄၀)

၈။ ကိတ္တာဝတာ နု ခေါ ဘော ဂေါတမ ဗြာဟ္မဏော ဟောတိ၊ (ဝိ၊၃၊၃)

၉။ ကိတ္တာဝတာ စ အာနန္ဒ အတ္တာနံ ပညပေန္တော ပညပေတိ၊

## ၂။ ဝိသဇ္ဇနာဝါကျ

နိဒါန်း။ ။ ပုစ္ဆာဝါကျနောက်၌ ဝိသဇ္ဇနာဝါကျ ရေးသားလေ့ရှိသည်။ သို့သော် တွေးတောကြံစည်မှု(စိန္တန)၊ စကားတုန့်ပြန်မှု(ပဋိဝစန)ကိုပြသော ပုစ္ဆာဝါကျများနောက်၌ကား ဝိသဇ္ဇနာဝါကျ ရေးလေ့မရှိပါ။

**ဥပဒေသ**

(က) ကြိယာကိုမေးသောပုစ္ဆာဝါကျ၌ ကိံ စသော ပုစ္ဆာဇောတကသဒ္ဒါများကို ဖြုတ်၍ ရေးရမည်။

(ခ) အရာဝတ္ထု-ဒြပ်ကိုမေးသော ပုစ္ဆာဝါကျ၌ ကိံ သဒ္ဒါအစား ဝိဘတျန္တနာမ်ပုဒ်ကို ရေးရမည်။

(ဂ) အခြင်းအရာကိုမေးသော ပုစ္ဆာဝါကျ၊ အကြောင်းကို မေးသော ပုစ္ဆာဝါကျတို့၌ အခြင်းအရာပြဝါကျ၊ အကြောင်းပြဝါကျများ ထည့်သွင်း၍ ရေးရမည်။

(ဃ) အမည်ကိုမေးသော ပုစ္ဆာဝါကျ၊ အကြောင်းအရာတစ်ရပ်ရပ်ကို မေးသော ပုစ္ဆာဝါကျများ ဖြစ်လျှင် လိုအပ်သော အမည်များ၊ အကြောင်းအရာများကို ထည့်သွင်း၍ ရေးရမည်။

**နိဒဿနတဗ္ဗဝါကျာနိ**

၁။ တဿာ ပဏ္ဏသာလံ ပဝိသိတွာ သယနံ သဇ္ဇနကာလေ ပဝိသိတွာ

ကာသိ တွန္တိ ပုစ္ဆိ၊ အဟံ နာဂမာဏဝိကာ သာမိတိ၊ သသာမိကာ
အသာမိကာသီတိ၊ သာမိ အဟံ ပုဗ္ဗေ သသာမိကာ၊ ဣဒါနိ ပန
အသာမိကာ ဝိဓဝါ။

၂။ တွံ ပန ကတ္ထ ဝါသိကောသီတိ၊ အဟံ ဗာရာဏသိရညော ပုတ္တော ဗြဟ္မဒတ္တကုမာရော နာမ။

၃။ တွံ နာဂဘဝနံ ပဟာယ ကသ္မာ ဣဓ ဝိစရသီတိ၊ သာမိ အဟံ တတ္ထ သသာမိကာနံ နာဂမာဏဝိကာနံ ယသံ ဩလောကေတွာ ကိလေသံ နိဿာယ ဥက္ကဏ္ဌိတွာ တတော နိက္ခမိတွာ သာမိကံ ပရိယေသန္တီ ဝိစရာမိ။ (ဇာ၊၄၊၇)

**ပရိစယဝါကျာနိ** (လေ့ကျင့်ခန်းဝါကျများ)

၁။ နှစ်ဝက် စာမေးပွဲ အောင်သလား ငါ့ရှင်၊ တပည့်တော် ဂုဏ်ထူးနှစ်ဘာသာ ဖြင့် အောင်ပါတယ်။

ကိံ နု တွ ▪ မာဝုသော အဒ္ဓဝဿပဉ္စာဗျာကရဏသဘာယံ ဇိနာသီတိ၊ ဇိနာမဟံ ဘန္တေ ဒွိသု ဘာသာသု ဂုဏဝိသေသင်္ကေန။

၂။ ဘယ်ဘာသာတွေမှာ ဂုဏ်ထူးရသလဲ ငါ့ရှင်၊ ပါဠိနဲ့ အင်္ဂလိပ်မှာပါဘုရား။
ကာသု ဘာသာသု အာဝုသော ဂုဏဝိသေသင်္ကေန ဇိနာသီတိ၊
ပါဠိဘာသာယံစ အင်္ဂလိသဘာသာယံစ ဘန္တေ။

၃။ အရုဏ်ဆွမ်းစားဖို့ အချက်ပေးသံချောင်းခေါက်ပြီလား ငါ့ရှင်။
မခေါက်သေးပါ အရှင်ဘုရား၊ ဒါပေမယ့် ခေါက်ဖို့ နီးနေပါပြီ။
ကိံ နုခေါ အာဝုသော တုမှာကံ အရုဏဘတ္တဘုဉ္ဇနတ္ထာယ ကာလာရောစ-နအယောဒဏ္ဍံ ပဟာရိတိ၊ န တာဝ ပဟာရိ ဘန္တေ၊ အပိစ ပန ပဟာရဏကာလော ဥပကဋ္ဌော။

**မှတ်ချက်။** ။ မေး၊ ဖြေစကားပြောကြရာဝယ် ပုစ္ဆာဝါကျ၏နောက်၌ ဣတိ သဒ္ဒါကို ထည့်သွင်း၍ ပြောကြားလေ့ မရှိသော်လည်း စာရေးသားရာ

ခဲ့မူ ပုစ္ဆာဝါကျ၏နောက်၌ ဣတိ သဒ္ဒါကို ထည့်သွင်း ရေးသားရ ပါမည်။

## ၃။ ကိံ ပန ဝါကျ၊ ကိမင်္ဂ ပန ဝါကျ၊ ကုတော ပန ဝါကျများ

ဤဝါကျများ၏ သဘောကို မလေ့လာမီ အပိ၊ နာမ သဒ္ဒါတို့၏ သဘောကို ဦးစွာ လေ့လာထားရပါမည်။ အပိသဒ္ဒါ၊ နာမ သဒ္ဒါ၏ အနက်များစွာတို့တွင် ဂရဟတ္ထ၊ ပသံသနတ္ထဝါစီ အပိသဒ္ဒါ၊ နာမသဒ္ဒါတို့ကို ယူရပါမည်။ အပိ၊ နာမ သဒ္ဒါတို့ကို တစ်ပုဒ်နောင်၊ နှစ်ပုစ်နောင် စသည်ဖြင့် သင့်သလို ထားရပါမည်။ နာမ သဒ္ဒါဖြစ်လျှင် ကြိယာကို အတိတ်ဟော ဘဝိဿန္တိ ဝိဘတ်ဖြင့် ရေးရမည်။ ရံခါ အခြားဝိဘတ်များဖြင့်လည်း ရေးနိုင်သည်။

### နိဒါန်း

ဤဝါကျများသည် ကိံ သဒ္ဒါပါ၍ ပုစ္ဆာဝါကျနှင့်တူသော်လည်း ပုစ္ဆာဝါကျ မဟုတ်ပါ။ ဤဝါကျနောက်၌ ဝိသဇ္ဇနာဝါကျလည်း ရေးလေ့မရှိပါ။ စကားကို အပိုအမို ပြောလိုရာ၌ ဤဝါကျများကို သုံးလေ့ရှိသည်။ အဘယ့်ကြောင့်ဟု အနက်ပေးသည်။

### ဥပဒေသာ

(က) နှစ်ဝါကျ ရေးရမည်။ ရှေ့ဝါကျသည် ဂရဟတ္ထ၊ ပသံသနတ္ထဝါစီ အပိ၊ နာမ ထိုင်သောဝါကျ ဖြစ်ရမည်။

(ခ) နောက်ဝါကျအစ၌ ကိံ ပန၊ ကိမင်္ဂ ပန၊ ကုတော ပန သဒ္ဒါတို့ကို ရေးရမည်။

(ဂ) ယင်းနောင် အပိ၊ နာမ ထိုင်ရာပုဒ်နှင့် ဆန့်ကျင်ဘက်ပုဒ်ကို ရေးရမည်။

(ဃ) ယင်းပုဒ် သည် အပိ၊ နာမ ထိုင်ရာပုဒ်နှင့် ဝိဘတ်တူစေရမည်။

(င) နောက်ဝါကျ၌ ကြိယာရေးလိုလျှင် ရေးနိုင်သည်။ မရေးဘဲလည်း ထားနိုင်သည်။ ရေးလျှင် ရှေ့ဝါကျ ကြိယာနှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်ရှိရမည်။ အနာဂတ်ဝိဘတ်ဖြင့် ရေးရမည်။

**နိဒ္ဒေသတဗ္ဗဝါကျာနိ**

၁။ ရာဇာနမ္ပိ ကမ္မေ ဝဍ္ဎေန္တိ၊ ကိံ • ပနညေ။

၂။ အနိပုဏောပေတံ သုတွာ အတ္တမနော ဘဝေယျ၊ ကိံ ပန မာဒိသော။

၃။ ကမ္မေ ဟိ နာမ ဘန္တေ အညတိတ္ထိယာ အာစရိယဿ အာစရိယဓနံ ပရိယေသိဿန္တိ၊ ကိမင်္ဂ ပနာဟံ အာယသ္မတော အာနန္ဒဿ ပူဇံ န ကရိဿာမိ။ (မ၊၂၊၁၅)

၄။ သော ဟိ နာမ အာယသ္မာ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿတိ၊ ကိမင်္ဂ ပနာဟံ။ (အံ၊၁၊၄၆၄)

၅။ အာဝုသော သဒေဝကေ နာမ လောကေ အပ္ပဋိပုဂ္ဂလဿ သတ္ထုနော အယံ မစ္ဆရာဇာ န လဇ္ဇတိ၊ ကိမင်္ဂ ပန လောကိယမဟာဇနဿ လဇ္ဇိဿတိ။ (ဒီ၊ဋ္ဌ၊၂၊၁၈၈)

၆။ တေသံ ဟိ နာမ ဘိက္ခဝေ တိရစ္ဆာနဂတာနံ ပါဏာနံ အမနာပါ ဘဝိဿတိ ယာစနာ အမနာပါ ဝိညတ္တိ၊ ကိမင်္ဂ ပန မနုဿဘူတာနံ။ (ဝိ၊၁၊၂၂၃)

**ပရိစယဝါကျာနိ**

၁။ ဉာဏ်ထိုင်းတဲ့သူတွေတောင် နှစ်ဝက်စာမေးပွဲမှာ အောင်သေးတာပဲ၊ ဉာဏ်ကောင်းတဲ့သူတွေဆို ဘာကြောင့် မအောင်ဘဲနေမလဲ။ (ပိုလို့တောင် အောင်ဦးမယ်)

မန္ဒဉာဏိကာပိ အဒ္ဓဝဿပဉှာဗျာကရဏာသဘာယံ ဇယန္တိ၊ ကိံ ပန တိက္ခဉာဏိကာ။

၂။ မိဘများ သေသောအခါ ရဟန်းတော်များသည်ပင် မျက်ရည်ကျကြကုန်သေး၏။ လူပုဂ္ဂိုလ်တို့မူ အဘယ့်ကြောင့် မငိုဘဲ ရှိအံ့နည်း။ (ငိုကြမည်သာတည်း)

တေ ဟိ နာမ ဘိက္ခူ မာတာပိတူနံ ကာလံ ဂတကာလေ ရောဒမာနာ

အဿုန့် ပူရေန္တိ၊ ကိမင်္ဂ ပန ဂဟဋ္ဌာ န ပူရေဿန္တိ။

၃။ စာသင်တိုက်၌ နေထိုင်ကြကုန်သော စာသင်သား သံဃာတို့သည်ပင် ကြည်ညိုဖွယ်ရာဂုဏ်တို့နှင့် ပြည့်စုံကြကုန်သေး၏။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ နေထိုင်ကြကုန်သော ရဟန်းတော်တို့မှ အဘယ့်ကြောင့် မပြည့်စုံဘဲ ရှိအံ့နည်း။ (ပြည့်စုံကြမည်သာတည်း)

တေ ဟိ နာမ ပရိဝေဏေ ဝသန္တာ သောတုဇနာ ဘိက္ခူ ပသန္နဂုဏေဟိ သမန္နာဂတာ ဟောန္တိ၊ ကုတော ပန ဝေဇိတပရိယတ္တိသာသနဝိဿဝိဇ္ဇာ-လယေ ဝသန္တာ ဘိက္ခူ။

## ၄။ ပဂေဝဝါကျ

**နိဒါန်း။** ။ ပဂေဝ (ပါဓေ)သည် အဗျယပုဒ်ဖြစ်၍ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း (ဆိုဖွယ်ရာမရှိ)၊ အလွန်ကျူး အထူးသာလျှင် (ပိုလို့တောင်)၊ အလွန်စောစောကပင် (အစကပင်)စသော အနက်များကို ဟောလေ့ရှိသည်။

အလွန်စောစောကပင် ဟူသော အနက်ကိုဟောလျှင် ပါတော၀ သဒ္ဒါနှင့် သဘောချင်း ဆင်တူ၏။ တစ်ဝါကျတည်း ရေးသည်။ အခြားအနက်များ၌ နှစ်ဝါကျရေးသည်။ ဤ၌ နှစ်ဝါကျရှိ ပုံစံများကို ပြပါမည်။

**ဥပဒေသာ**

(က) နှစ်ဝါကျရေးရမည်၊ ရှေ့ဝါကျသည် ဂရုဟတ္ထ၊ ပသံသနတ္ထဝါစီ အပိ၊ နာမထိုင်သော ဝါကျ ဖြစ်ရမည်။

(ခ) နောက်ဝါကျအစ၌ ပဂေဝ သဒ္ဒါကို ရေးရမည်။

(ဂ) ယင်းနောက် အပိ၊ နာမ ထိုင်ရာပုဒ်နှင့် ဆန့်ကျင်ဘက်ပုဒ်ကို ရေးရမည်။

(ဃ) ယင်းပုဒ်သည် အပိ၊ နာမ ထိုင်ရာပုဒ်နှင့် ဝိဘတ်တူစေရမည်။

(င) နောက်ဝါကျ၌ ကြိယာရေးလိုလျှင် ရေးနိုင်သည်။ မရေးဘဲလည်း ထားနိုင်သည်။ ကြိယာမရေးလျှင် ရှေ့ဝါကျရှိ ကြိယာကို ယူ၍ အနက်ပေးရမည်။

**နိဒဿေတဗ္ဗဝါကျာနိ**

၁။ တိရစ္ဆာနဂတိတ္ထိယာပိ မေထုနံ ဓမ္မံ ပဋိသေဝိတွာ အဿမဏော ဟောတိ အသကျပုတ္တိယော၊ ပဂေဝ မနုဿိတ္ထိယာ။ (ဝိ၊၁၊၃၄)

၂။ ပဋိဃဿ အနိဝရဏာဝတ္ထဿ အဘာဝတော တံ သဟဂတံ စိတ္တဒွယံ ရူပလောကေပိ နတ္ထိ၊ ပဂေဝ အာရုပ္ပေ။ (ဋီကာကျော်၊၁၃၆)

၃။ သော စေ အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။ (သော ဌ သောပိ ဟုပေး)၊ (ဇာ၊ ၂၊ ၄၅)

**ပရိစယဝါကျာနိ**

၁။ သူခိုးတွေဟာ ရဟန်းပစ္စည်းတွေကိုတောင် ခိုးသေးတာပဲ၊ အခြားသူတို့ရဲ့ ပစ္စည်းဆို ပိုလို့တောင် ခိုးဦးမယ်။

ဘိက္ခုနမ္ပိ ပစ္စယပရိက္ခာရေ စောရာ စောရေန္တိ၊ ပဂေဝ အညပစ္စယေ။

၂။ တပည့်တွေတောင် ဒီပုဏ္ဏာရဲ့ အဖြေကို သိကြတယ်။ သူတို့ဆရာဆိုရင် ဘာပြောစရာရှိမလဲ။

သိဿာပိ နာမ ဣမဿ ပဉှဿ ဝိသဇ္ဇနံ ဇာနိဿန္တိ၊ ပဂေဝ တေသံ အာစရိယော။

၃။ ကာမဂုဏ် ခံစားသူ လူတွေတောင် မိမိဥစ္စာကို စွန့်နိုင်ကြသေးတာပဲ။ အိမ်ရာမကပ် ရဟန်းမြတ်တွေဆို ပိုလို့တောင် စွန့်နိုင်ဦးမယ်။

ကာမဘောဂီ ဟိ နာမ ဂဟဋ္ဌာ အတ္တနာ ဘောဂံ စဇိတုံ သက္ကုဏိဿန္တိ၊ ပဂေဝ အနဂါရိကာ ဘိက္ခူ။

## ၅။ ကော ပန ဝါဒေါ ဝါကျ

**နိဒါနံ**။ ။ ဤပုဒ်ကို နာမ်ပုဒ်၊ နိပါတ်ပုဒ်ဟု နှစ်မျိုး ယူဆနိုင်သည်။ နာမ်ပုဒ်ဟု ယူလျှင် 'ဝါဒေါ၊ ဆိုဖွယ်သည်။ ကော၊ အဘယ်နည်း'ဟု ပေးရမည်။ (ပန ပဒါလင်္ကာရ)။ နိပါတသမုဒါယ ဟုယူလျှင် 'ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဆိုဖွယ်ရာမရှိ'ဤသို့ ပေးရမည်။

**ဥပဒေသော**

(က) နှစ်ဝါကျရေးရမည်။ ရှေ့ဝါကျသည် ဂရုဟတ္ထ၊ ပသံသနတ္ထဝါစီ အပိ၊ နာမ ထိုင်သောဝါကျ ဖြစ်ရမည်။

(ခ) နောက်ဝါကျ အစ၌ "ကော ပန ဝါဒေါ"သဒ္ဒါကို ရေးရမည်။

(ဂ) ယင်းနောင် အပိ၊ နာမ ထိုင်ရာပုဒ်နှင့် ဆန့်ကျင်ဘက်ပုဒ်ကို ရေးရမည်။

(ဃ) ယင်းပုဒ်သည် အပိ၊ နာမ ထိုင်ရာပုဒ်နှင့် ဝိဘတ်တူစေရမည်။

(င) နောက်ဝါကျ၌ ကြိယာရေးလိုလျှင် ရေးနိုင်သည်။ မရေးဘဲလည်း ထားနိုင်သည်။ ကြိယာမရေးလျှင် ရှေ့ဝါကျရှိ ကြိယာကိုယူ၍ အနက်ပေးရမည်။

အတ္ထယောဇနာနည်းအရ နောက်ဝါကျ၌ ဝါကျသုံးမျိုး ရေးနိုင်သည်။ ဥပဒေသမှာ–

(က) ကတ္တားဖြစ်ထိုက်သောပုဒ်ကို သတ္တမီဝိဘတျန္တ အာဓာရပုဒ်ဖြင့် ရေးရမည်။

(ခ) ကတ္တားကို သမ္ဗန်၊ ကံကို ဆဋ္ဌီကံပြင်၍ ဖြစ်ထိုက်သော ကြိယာကို သတ္တမီဝိဘတျန္တ ဘာဝတ္ထပုဒ်ဖြင့် ရေးရမည်။

(ဂ) ဝါကျအဆုံး၌ ဣတိ သဒ္ဒါကိုထည့်၍ ရေးရမည်။

**နိဒဿနတဗ္ဗဝါကျာနိ**

၁။ ကေဝိဿာပိ ဘန္တေ သတ္တိယာ ဟညမာနေ ဿာ ပုရိဿာ တတော– နိဒါနံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒိယေထ၊ ကော ပန ဝါဒေါ တီဟိ သတ္တိသတေဟိ။ (မ၊ ၃၊ ၂၀၄)

**အတ္ထယောဇနာ နည်းအရ ဝါကျသုံးမျိုးရေးပုံ။**

- ကော ပန ဝါဒေါ တသ္မိံ ပုရိသေ တီဟိ သတ္တိသတေဟိ ဟညမာနာ တတောနိဒါနံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒိယေထ။
- ကော ပန ဝါဒေါ တီဟိ သတ္တိသတေဟိ ဟညမာနာ တတောနိဒါနံ ဒုက္ခဿ ဒေါမနဿဿ တဿ ပုရိသဿ ပဋိသံဝေဒနေ။
- ကော ပန ဝါဒေါ တီဟိ သတ္တိသတေဟိ ဟညမာနာ သော ပုရိသော တတောနိဒါနံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒိယေထာတိ။

၂။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ကော ပန ဝါဒေါ သောတာပန္နေ။ (မ၊၃၊၂၉၈)

၃။ စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ၊ ကော ပန ဝါဒေါ ကာယေန ဝါစာယ အနုဝိဓီယနာသု။ (မ၊၁၊၅၂)

**ပရိစယဝါကျာနိ**

၁။ သင်ကတောင်မှ ငါ့ကို ဆိုပြောထိုက်သူလို့ မှတ်ထင်တယ်။ အခြားသူတွေဆို ဘာပြောစရာရှိတော့မလဲ။

တွံပိ နာမ မံ ဝတ္တဗ္ဗံ မညိဿသိ၊ ကော ပန ဝါဒေါ အညေသု ပုဂ္ဂလေသု။

တွံပိ နာမ မံ ဝတ္တဗ္ဗံ မညိဿသိ၊ ကော ပန ဝါဒေါ အညေသံ ပုဂ္ဂလာနံ မညမာနေ။

တွံပိ နာမ မံ ဝတ္တဗ္ဗံ မညိဿသိ၊ ကော ပန ဝါဒေါ အညေ ပုဂ္ဂလာ မံ ဝတ္တဗ္ဗံ မညိဿန္တီတိ။

၂။ ရဟန်းတွေဟာ သေးငယ်တဲ့ အာပတ်ကိုတောင် သတိထား စောင့်ရှောက်သင့်တယ်။ ကြီးလေးတဲ့ အာပတ်ဆို ဘာပြောစရာရှိမလဲ။

လဟုကာပတ္တီပိ ဘိက္ခူဟိ ဂရုံ ကတွာ သံဝရိတဗ္ဗာ၊ ကော ပန ဝါဒေါ

ဘိက္ခုူသု ဂရုကာပတ္တိ ဂရုံ ကတွာ သံဝရိတဗ္ဗာ။
လဟုကာပတ္တိံပိ ဘိက္ခုူဟိ ဂရုံ ကတွာ သံဝရိတဗ္ဗာ၊ ကော ပန ဝါဒေါ
ဂရုကာပတ္တိယာ ဂရုံ ကတွာ ဘိက္ခုူနံ သံဝရဏေ။
လဟုကာပတ္တိံပိ ဘိက္ခုူဟိ ဂရုံ ကတွာ သံဝရိတဗ္ဗာ၊ ကော ပန ဝါဒေါ
ဂရုကာပတ္တိ ဂရုံ ကတွာ သံဝရိတဗ္ဗာတိ။

## ၆။ အပေ္ပဝ နာမ ဝါကျ

နိဒါန်း။ ။ ဤဝါကျကို အကြောင်းပေါ်၌ အခြေခံ၍ ဖြစ်ပေါ်လာမည့် အကျိုးကို မျှော်လင့်ကြံဆရာ၌ သုံးသည်။ အကျိုးသည် ဧကန်ဖြစ်လိမ့်မည်ဟု မျှော်လင့်၍မရ၊ အကြောင်းညီညွတ်မှ ဖြစ်နိုင်မည်။ သို့သော် ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆချက် ရှိသည်။ အပေ္ပဝ နာမကို ကြိယာနှင့်တွဲ၍ အနက်ပေးရမည်။ ဖြစ်နိုင်မည်လား မသိ၊ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်ဟု အနာဂတ်အနက်ပေးရမည်။

### ဥပဒေသော

(က) နှစ်ဝါကျရေးရမည်၊ ရှေ့ဝါကျသည် အကြောင်းဝါကျဖြစ်၍ နောက်ဝါကျသည် အကျိုးဝါကျဖြစ်ရမည်။
(ခ) နောက်ဝါကျ အစ၌ အပေ္ပဝ နာမ သဒ္ဒါကို ရေးရမည်။
(ဂ) နောက်ဝါကျ ကြိယာကို သတ္တမီ ဝိဘတ်ဖြင့် ရေးရမည်။
(ဃ) ကတ္တားနှင့် လျော်သော ဝုစ်၊ ပုရိသ် ရှိရမည်။

### နိဒဿနတဗ္ဗဝါကျာနိ။

၁။ တံ ခေါ ပန ဘဂဝန္တံ ပယိရုပါသတု၊ အပေ္ပဝ နာမ ဒေဝဿ ဘဂဝန္တံ ပယိရုပါသတော စိတ္တံ ပသီဒေယျ။ (ဒီ၊၁၊၄၆)
၂။ အပ္ပသဒ္ဒကာမော ခေါ သော အာယသ္မာ အပ္ပသဒ္ဒဿ ဝဏ္ဏဝါဒီ၊ အပေ္ပဝ နာမ အပ္ပသဒ္ဒံ ပရိသံ ဝိဒိတွာ ဥပသင်္ကမိတဗ္ဗံ မညေယျ။ (ဒီ၊၁၊၁၆၇)

၃။ ယေ မယံ ဧဝံဝါဒီ သမဏံ ဂေါတမံ အသုမှ၊ အပေ့ဝ နာမ မယံ ကဒါစိ ကရဟာစိ တေန ဘောတာ ဂေါတမေန သဒ္ဓိံ သမာဂစ္ဆေယျာမ၊ အပေ့ဝ နာမ သိယာ ကောစိဒေဝ ကထာသလ္လာပေါ၊ အပေ့ဝ နာမ တသ္မာ ပါပကာ ဒိဋ္ဌိဂတာ ဝိဝေစေယျာမ။ (မ၁၊၂၉၀)

## ပရိစယဝါကျာနိ

၁။ ငါ့ရှင် ကြိုးစားလိုက်စမ်းပါ။ ဒီစာမေးပွဲမှာ သင် အောင်ပွဲ ရကောင်း ရပါလိမ့်မယ်။
တွံ အာဝုသော ဝီရိယံ ဒဠှံ ကရောဟိ၊ အပေ့ဝ နာမ ဣမသ္မိံ ပဥှသဝေ ဇယံ လဘေယျာသိ။

၂။ အခု မော်ကွန်းထိန်းဆရာတော် ကြွလာတယ်။ ယနေ့ည ကျောင်းစစ်ကောင်း စစ်လိမ့်မယ်။
ဣဒါနိ သဗ္ဗကမ္မဝိဓာယကော မဟာထေရော အာဂစ္ဆတိ၊ အပေ့ဝ နာမ ဣမသ္မိံ ရတ္တိဘာဂေ သော အာဟိဏ္ဍိတွာ အနုဝိစရေယျ။

၃။ ယနေ့ညနေ မိုးမပြတ်ရွာနေတယ်။ နာယကချုပ်ဆရာတော်က ဘုရားဝတ်တက် ပိတ်ပေးကောင်း ပိတ်ပေးလိမ့်မယ်။
အဇ္ဇ သာယနှသမယေ ဒေဝေါ နိစ္စံ ဝဿတိ၊ အပေ့ဝ နာမ မဟာနာယကတ္ထေရော ဗုဒ္ဓဝန္ဒနကိစ္စံ နိဝါရေယျ။

၄။ မင်းရဲ့ ရဟန်းဒကာ မနက်ဖြန် လာလိမ့်မယ်။ မင်းအတွက် အလှူငွေ ယူလာကောင်း ယူလာလိမ့်မယ်။
တေ အာဝုသော စတုပ္ပစ္စယဒါယကော သွေ အာဂမိဿတိ၊ အပေ့ဝ နာမ သော တဝတ္ထာယ ကဟာပဏံ ဂဏှေယျ။

၅။ မနေ့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို ရောက်လာတယ်။ တက္ကသိုလ် သံဃာတော်များအတွက် လိုအပ်ချက်များ ပြည့်စုံကောင်း ပြည့်စုံလာပါလိမ့်မယ်။
ဦးသန်းရွှေတိနာမကော အဂ္ဂမဟာသေနာပတိဘူတော ဒါယကော ဟိယျော

ဣမံ ဝေဇိတပရိယတ္တိသာသနဝိသဝိဇ္ဇာလယံ အာဂစ္ဆိ၊ အပ္ပေဝ နာမ တက္ကသီလာယ သံဃေဟိ ဣစ္ဆိတဗ္ဗာနိ ကမ္မာနိ သိဇ္ဈေယျုံ။

## ၇။ ယာဝ ဝါကျ။

**နိဒါန်း။** ။ ယာဝနိပါတ်ကို အနိယမ – မမြဲခြင်းအနက်၊ အဝဓိ – ပိုင်းခြားမှတ်သား ခြင်းအနက် စသည်တို့၌ အသုံးပြုလေ့ရှိသည်။ အနိယမ အနက်၌ တာဝပါသော ဝါကျနှင့် အမြဲတွဲရေးလေ့ရှိသည်။ အဝဓိအနက်ဖြစ်မူ နှစ်ဝါကျ လည်းရေးသည်။ တစ်ဝါကျလည်းရေးသည်။ နှစ်ဝါကျရေးလျှင် ယာဝကို ကြိယာနှင့် တွဲ၍ အနက်ပေးရမည်။ တစ်ဝါကျတည်း ရေးလျှင် ယာဝကို နာမ်ပုဒ်နှင့်တွဲ၍ အနက်ပေးရမည်။ အနက်ပေးလျှင် "မ---မီ၊ မ---ခင်၊ တိုင်အောင်၊ အထိ၊ သေးသမျှ" စသည်ဖြင့် ပေးရမည်။

**နိယာမ်။** ။ ယာဝ ပုရေ ပုရာ၊ သဒ္ဒါ သုံးပါး၊ ယှဉ်ငြားသောခါ၊ နာဂတ်မှာ၊ သက်ပါ ဝတ္တမာန်ကိုတည်း။

### ၁။ ဥပဒေသော အနိယမ အနက်ဖြစ်မှု

(က) ယာဝဝါကျ၊ တာဝဝါကျဟု နှစ်ဝါကျရေးရမည်။ ယာဝ–တာဝတို့ကို ဝါကျအစ၌ ထားရမည်၊ ရှေ့နောက်ကိုမူ သင့်သလို ထားနိုင်သည်။

(ခ) ကြိယာကို အများအားဖြင့် အနာဂတတ္ထ ဝတ္တမာန် ဝိဘတ်ဖြင့် ရေးရမည်။ ရံခါ အတိတ်၊ အနာဂတ် ဝိဘတ်တို့ဖြင့်လည်း ရေးသည်။

(ဂ) ကြိယာ၌ အများအားဖြင့် ပဋိသေဓတ္ထ န–သဒ္ဒါ ပါလေ့ရှိသည်။

(ဃ) ယာဝ သဒ္ဒါအစား ယာဝဒေဝ သဒ္ဒါဖြင့်လည်း ရေးနိုင်သည်။

### ၂။ ဥပဒေသော အဝဓိ အနက်ဖြစ်မှု

(က) ရံခါ နှစ်ဝါကျ ရေး၍ ရံခါ တစ်ဝါကျတည်း ရေးနိုင်သည်။ နှစ်ဝါကျ ရေးလျှင် အထက်ပါ ဥပဒေသအတိုင်း ရေးရမည်။

(ခ) တစ်ဝါကျတည်းရေးလျှင် ယာဝ သဒ္ဒါစပ်ရာ နာမ်ပုဒ်၌ ပဌမာဝိဘတ်၊ ပဉ္စမီဝိဘတ် တစ်မျိုးမျိုးသက်ရမည်။

(ဂ) ယာဝ သဒ္ဒါအစား အာ သဒ္ဒါဖြင့်လည်း ရေးနိုင်သည်။

**နိဒဿေတဗ္ဗဝါကျာနိ**

၁။ န တာဝါဟံ ဘဂဝတိ ဗြဟ္မစရိယံ စရိဿာမိ၊ ယာဝ မေ ဘဂဝါ န ဗျာကရိဿတိ။ (မ၊၂၊၉၂၊၉၃)

၂။ ဣဒံ ဘဝစက္ကံ ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ၊ တာဝ အနုပစ္ဆိန္နပစ္စယတ္တာ အနုဝဋ္ဋတိယေဝ ပုနပ္ပုနံ ပရိဝဋ္ဋနတော ဘမတိယေဝ။ (ဘိ၊ဋ္ဌ၊၂၊၁၈၅)

၃။ တေနေဝါယသ္မာ ဆန္နောပိ ယာဝ ဗုဒ္ဓေါ လောကေ န ပရိနိဗ္ဗာယိ၊ တာဝ ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။

၄။ ယဉ္စ ဘဂဝတာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိတွာ ယာဝ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ၊ ဧတ္ထန္တရေ (တာဝ)-
------- (ဒီ၊ ဋ္ဌ၊ ၁၊ ၁၆)

၅။ ဘဂဝတော ဟိ ဝလ္လိဟာရကာနံ စတုန္နံ ပုရိသာနံ ဝလ္လိဂ္ဂဟာနံ ဝိယ အာဒိတော ဝါ မဇ္ဈတော ဝါ ပဋ္ဌာယ ယာဝ ပရိယောသာနံ။
(ဘိ၊ဋ္ဌ၊ ၂၊ ၁၂၄)

၆။ ယာဝ ဗြဟ္မလောကာ လောကဝိနာသော ဘဝိဿတိ။ (ဓာ၊ဋ္ဌ၊၁၊၅၇)

**ပရိစယဝါကျာနိ**

| | |
|---|---|
| ၁။ န-လုံးဝမပါသောဝါကျ | ငါလာသည်အထိ ဒီမှာပဲရှိနေပါ။<br>ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ ဣဓေဝ ဟောဟိ။ |
| ၂။ ယာဝဌ်သာ န-ပါသောဝါကျ | ငါမလာသေးသမျှ ဒီမှာပဲ ရှိနေပါ။<br>ယာဝါဟံ နာဂစ္ဆာမိ၊ တာဝ ဣဓေဝ ဟောဟိ။ |
| ၃။ တာဝဌ်သာ န-ပါသောဝါကျ | ငါလာသည်အထိ မင်း ဒီမှာ ရှိမနေနှင့်။<br>ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ မာ ဣဓ |

ဟောဟိ။

၄။ နှစ်ဝါကျလုံး၌ န-ပါသောဝါကျ ငါမလာသေးသမျှ မင်း ဒီမှာ ရှိမနေနှင့်။
ယာဝါဟံ နာဂစ္ဆာမိ၊ တာဝ မာ ဣဓ
ဟောဟိ။

## ၈။ ပုရေ၊ ပုရာ ဝါကျများ

**နိဒါန်း။** ။ ပုရေ ပုရာ သဒ္ဒါတို့သည် နီးကပ်သော အနာဂတ် အနက်ကိုဟောကြသည်။ ယင်းသဒ္ဒါတို့ကို အာချာတ်ကြိယာနှင့် လည်းကောင်း၊ နာမ်ပုဒ်နှင့် လည်းကောင်း တွဲဖက်၍ အသုံးပြုလေ့ရှိသည်။ အနက်ပေးရာ၌ ခွဲ၍ပေးလျှင် ရှေး၌---လတ္တံ့၊ မကြာမီ---လတ္တံ့၊ မှ ရှေး၌-ဟု ပေးရမည်။ ပေါင်း၍ပေးလျှင် မ---မီ၊ မ----ခင်-ဟုပေးရမည်။

**ဥပဒေသော**

(က) နှစ်ဝါကျရေးရမည်၊ ပုရေ ပုရာ ဝါကျတို့ကို နောက်၌ထားရမည်။
(ခ) ပုရေ ပုရာ သဒ္ဒါတို့ကို အာချာတ်ကြိယာနှင့်ဖြစ်စေ၊ နာမ်ပုဒ်နှင့်ဖြစ်စေ တွဲဖက်၍ အသုံးပြုရမည်။
(ဂ) အာချာတ်ကြိယာနှင့်တွဲလျှင် ယင်းပုဒ်တို့ကို အများအားဖြင့် ဝါကျအစ၌ ထားရမည်။
(ဃ) ကြိယာကို အနာဂတတ္ထ ဝတ္တမာန် ဝိဘတ်ဖြင့် ရေးရမည်။
(င) နာမ်ပုဒ်နှင့်တွဲလျှင် ယင်းပုဒ်တို့ကို အများအားဖြင့် နာမ်ပုဒ်အနီး၌ ထားရမည်။
(စ) နာမ်ပုဒ်ကို ပဥ္စမီ သွာ ဝိဘတ်ဖြင့် ရေးရမည်။

**နိဒဿနတဗ္ဗဝါကျများ**

၁။ ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ၊ ပုရေ အဓမ္မော ဒိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယျတိ၊ ပုရေ အဝိနယော ဒိပ္ပတိ၊ ဝိနယော ပဋိဗာဟိယျတိ၊
(ဒီ၊ ၄၊ ၁၊ ၄)

၂။ ဒဏ္ဍေ ဣမေ ဆိန္ဒ ပုရာ မရာမိ၊ (ခု၊ ၅၊ ၃၇၅) ဆဒ္ဒန္တဇာတ်။

**ပရိစယဝါကျာနိ**

၁။ မသေမိ ငါ ကုသိုလ် ပြုတော့အံ့။

ပုညာဟံ ကရိဿာမိ ပုရေ မရတိ။

ပုညာဟံ ကရိဿာမိ ပုရာ မရဏာ။

၂။ စာမေးပွဲ မဖြေခင် ရှာကို ခဏပြန်မယ်။

ဂါမာဟံ မုဟုတ္တံ ပဋိဂစ္ဆိဿာမိ ပုရေ ပဥှဿဝ ဝိသဇ္ဇေမိ။

ဂါမာဟံ မုဟုတ္တံ ပဋိဂစ္ဆိဿာမိ ပုရာ ပဥှဿဝါ။

## ၉။ တေနဟိ ဝါကျ

**နိဒါန်**။ ။ တေန ဟိ–ကား တေန ဟူသော ဝိဘတ္တိပဋိရူပကနိပါတ်ပုဒ်နှင့် ဟိ နိပါတ်တို့ ပေါင်းထားသော နိပါတသမုဒါယ ဖြစ်၏။ ပါဠိတော်များ၌ အတွေ့များသည်။ အများအားဖြင့် ကထာသလ္လာပ – စကားပြောခန်းများတွင် သုံးလေ့ရှိသည်။

တေနဟိ နိပါတ်၏အနက်ကို လေးမျိုးတွေ့ရသည်။ ယင်းတို့မှာ–

၁။ ဥယျောဇနတ္ထ– တိုက်တွန်းပါ၏၊

၂။ တဿာဓိပ္ပါယနိဒဿနတ္ထ– ထိုသို့ဖြစ်သည်ရှိသော်၊ ထိုသို့ဖြစ်လတ်သော်၊ ထိုသို့ တပြီးကား၊ ဒါဖြင့်ရင်၊ ဒီလိုဆိုရင်၊

၃။ ကာရဏတ္ထ– ထို့ကြောင့်၊ ထိုအကြောင်းကြောင့်၊

၄။ နိပါတတ္ထ– ပဒါလင်္ကာရ၊

ထိုအနက်လေးမျိုးတွင် တဿာဓိပ္ပါယနိဒဿနတ္ထဖြစ်မှု ယဒိဧဝံ ဝါကျနှင့် သဘောချင်းဆင်၏။ ကာရဏတ္ထဝါကျဖြစ်မှု တေန ဝါကျနှင့် သဘောချင်းဆင်၏။

**ဥပဒေသော**

(က) တေနဟိ ကိုကထာသလ္လာပ'စကားပြောခန်းများ'တွင် ရေးရမည်။ အများအားဖြင့် အာဏတ္တိဝါကျ၌ ရေးလေ့ရှိသည်။

(ခ) ပုဗ္ဗဝါစိကျ၊ ပရဝါစိဝါကျ နှစ်မျိုးတွင် ပရဝါစိ ဝါကျများ၌ ရေးရမည်။
(ဂ) တေနဟိ ကို ဝါကျအစ၌ ထားရမည်။ သို့သော် နိပါတတ္ထ ဖြစ်မှု ပုံသေမရှိပါ။
(ဃ) အာလုပ်ပုဒ်ထည့်လိုလျှင် တေနဟိ နောင် ကပ်၍ ထည့်ရမည်။
(င) ကြိယာကို ပဉ္စမီဝိဘတျန္တဖြင့် ရေးရမည်။ ရံခါ အခြားဝိဘတ်များဖြင့်လည်း ရေးနိုင်သည်။

**နိဒဿတဗ္ဗဝါကျာနိ**

၁။ တံ ဒေဝေါ ဘဂဝန္တံ ပယိရုပါသတု၊ အပ္ပေဝ နာမ ဒေဝဿ ဘဂဝန္တံ ပယိရုပါသတော စိတ္တံ ပသီဒေယျာတိ၊ တေန ဟိ သမ္မ ဇီဝက ဟတ္ထိယာနာနိ ကပ္ပါပေဟီတိ။ (ဒီ၊၁၊၄၆)

၂။ ဘိက္ခူ အာယသ္မန္တံ မဟာကဿပံ ဧတဒဝေါစုံ 'အယံ ဘန္တေ အာယသ္မာ အာနန္ဒော ကိဉ္စာပိ သေက္ခော၊ အဘဗ္ဗော ဆန္ဒာ ဒေါသာ မောဟာ ဘယာ အဂတိံ ဂန္တုံ၊ ဗဟု စာနေန ဘဂဝတော သန္တိကေ ဓမ္မော စ ဝိနယော စ ပရိယတ္တော၊ တေန ဟိ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူ'တိ။ (ဒီ၊၄၊၁၊၅)

၃။ အဟံ ဟိ ဘော ဂေါတမ ဧဝံ ဝဒါမိ 'ရူပံ မေ အတ္တာ၊ ဝေဒနာ မေ အတ္တာ၊ သညာ မေ အတ္တာ၊ သင်္ခါရာ မေ အတ္တာ၊ ဝိညာဏံ မေ အတ္တာ'တိ၊ တေန ဟိ အဂ္ဂိဝေဿန တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။ (မ၊၁၊၂၉၃)

၄။ ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော (ပ) အထ စ ပန ဘောတော ဂေါတမဿ သာဝကာ ဘောတာ ဂေါတမေန ဧဝံ ဩဝဒီယမာနာ ဧဝံ အနုသာသီယမာနာ အပ္ပေကစ္စေ အစ္စန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ၊ ဧကစ္စေ နာရာဓေန္တီတိ၊ တေန ဟိ ဗြာဟ္မဏ တံယေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။ (မ၊၂၊၄၆၊၂၅၁)

၅။ အယံ ဂင်္ဂါ ပရိပုဏ္ဏာ၊ ကိံ တွံ န ပဿသိတိ။ န ဥပကပ္ပတိ ဘန္တေတိ။ တေန ဟိ ဂင်္ဂါပိဋ္ဌေ နိပဇ္ဇ။ (ဘိ၊၄၊၂၅)

**ပရိစယဝါကျာနိ**

၁။ အရှင်ဘုရား မြန်မာပြည်မှာ ပရိယတ္တိစာသင်တိုက်ကြီးတွေ ရှိကြပါတယ်။ စာချဆရာတော်များလည်း များစွာရှိကြပါတယ်။ အဲဒါတောင်မှ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များဟာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တွေကို တည်ထောင်ကြသေးတယ်နော်။ ငါ့ရှင် ဒါဖြင့် သင့်ကိုပဲ မေးပါဦးမယ်။ သင်ကြိုက်သလိုဖြေပါ။

ကော န ခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယာယော တိဋ္ဌန္တေဝ မရမ္မရဋ္ဌေ ပရိယတ္တိဝိဇ္ဇာလယသာလာယော၊ ဗဟုံ အတ္ထိ ဂန္ထဝါစကာ စ၊ အထ စ ပန ဝေဇိတသံဃမဟာနာယကတ္ထေရာ ဌပေန္တိ ဝေဇိတ ပရိယတ္တိဝိသဝိဇ္ဇာလယေတိ၊ တေန ဟိ အာဝုသော တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။

၂။ အရှင်ဘုရား စာဝါမှာ မတွေ့ပါလား။ တပည့်တော် နေမကောင်းလို့ပါ။ ဟုတ်လား၊ ဒါဖြင့် သင့်တော်တဲ့ဆေး သောက်ဦးလေ။

န ပဿာမျဟံ ဘန္တေ သိပ္ပဋ္ဌာနေ၊ ရုဇ္ဇာမျဟံ ဘန္တေတိ၊ တေန ဟိ ဘန္တေ ပိဝ ဘေသဇ္ဇံ တသာနုရူပံ။

၃။ အရှင်ဘုရား ဘုရားဝတ်တက်သွားဖို့ အချိန်ရောက်ပါပြီ။ အရှင်ဘုရား ဒီလိုဆို တပည့်တော်ရဲ့ နိသီဒိုင်လေး ကမ်းစမ်းပါ။

သမ္ပတ္တောယံ ဘန္တေ ကာလော ဗုဒ္ဓဝန္ဒနာယ ဂမနာနုရူပေါတိ၊ တေန ဟိ ဘန္တေ ဒေထ မမ နိသီဒနံ။

၄။ အရှင်ဘုရား မယ်လမုဘုရားမှာ အခု ဘုရားပွဲ ကျင်းပနေတယ်။ ငါ့ရှင် ဒီလိုဆို တို့ သွားကြမယ်။ ဒီနေ့ ဥပုသ်နေ့ပဲ။ ယနေ့ည ဆရာတော်တွေ ကျောင်းစစ်မှာ မဟုတ်ဘူး။

၂၄၂၇၉

က္ကဒါနိ ပန ဘန္တေ 'မယ်လမှု' တိနာမကေ စေတိယေ ဗုဒ္ဓပူဇနီယသဘာ ကတာတိ၊ တေန ဟိ အာယာမာဝုသော အဇ္ဇုပေါသထဒိဝသော န နာယကတ္ထေရာ အာဟိဏ္ဍိဿန္တိ က္ကုမိဿံ ရတ္တိယံ။

၅။ အရှင်ဘုရား တပည့်တော် စာအုပ်ကပ္ပိဖို့ မြို့ထဲကို သွားဦးမယ်။ ငါ့ရှင် ဒီလိုဆို ငါလည်းလိုက်မယ်။

အဟံ ဘန္တေ အန္တောနဂရံ ဂမိဿာမိ ပေါတ္ထကံ ကပ္ပိယံ ကာတုံတိ၊ တေန ဟာဝုသောဟမ္ပိ အနုဝတ္တိဿာမိ။

# သာသနတက္ကသိုလ်ဓမ္မာစရိယတန်း
# (ဒုတိယနှစ်)
# ပါဠိဝါကျတည်ဆောက်နည်းများ
# သင်ရိုးအမှတ် ပါဠိ- ၂၀၁ (က)

## ၁။ စောဒနာ၊ သောဓနာဝါကျများ

**နိဒါန်း(ဝါကျအကြောင်း)။** ။ သူတစ်ပါးအလိုကို စုံစမ်းလိုသောအခါ၊ မိမိနှလုံးသွင်း အာဘောဂကို ဖော်ပြလိုသောအခါတို့၌ စောဒနာဝါကျများကို ရေးလေ့ရှိကြသည်။ စောဒနာခြင်းဟူသည် အကြောင်းအရာတစ်ခု၊ အဆိုအမိန့်တစ်ခုကို သံသယရှိ၍ မနှစ်သက်၍ မကျေနပ်၍ စောဒနာခြင်းဖြစ်သောကြောင့် စောဒနာဝါကျရေးလျှင် နှလုံးသွင်းအာဘောဂဝါကျပါရမည် ဟူသော ယေဘုယျသတ်မှတ်ချက် ရှိပါသည်။ မြန်မာလို 'လော၊ လော့၊ လား' စသည့် နောက်ပိတ်စကားလုံးများဖြင့် အဆုံးသတ်ထားသော ဝါကျသည် အာဘောဂဝါကျပင် ဖြစ်သည်။

**ဥပဒေသော(ဝါကျ ရေးသားနည်းစနစ်)**

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၌ စောဒနာဝါကျ ရေးဟန်ကို အမျိုးမျိုး တွေ့ရသည်။ ဤ၌ အာဘောဂ၊ စောဒနာ၊ သောဓနာ သုံးမျိုးစုံသော ရိုးရိုး စောဒနာဝါကျများကိုသာ ဖော်ပြသွားပါမည်။

(က) စောဒနာဝါကျကို အာဘောဂဝါကျ၊ စောဒနာဝါကျ၊ သောဓနာဝါကျဟု အပိုင်းသုံးပိုင်းခွဲ၍ ရေးရမည်။

(ခ) အာဘောဂဝါကျကို 'နနု၊ နနုစ၊ နျု၊ နခေါ၊ နော'စသော နိပါတ်များဖြင့် ရေးရမည်။ ထိုတွင် -

နနု၊နနုစ နိပါတ်တို့ကို ဝါကျအစ၌ ထား၍ ရေးရမည်။ အခြားနိပါတ်များ

ကို တစ်ပုဒ် နောင် သို့မဟုတ် နှစ်ပုဒ် စသည်နောင် ထား၍ရေးရမည်။
(ဂ) စောဒနာဝါကျရေးရာ၌ 'အထ ကသ္မာ၊ အထ ကိမတ္ထံ'သဒ္ဒါများ ထည့်သွင်း၍ ရေးသားရမည်။ ယင်းသဒ္ဒါတို့ကို ဝါကျအစ၌ ထား၍ရေးရမည်။
(ဃ) စောဒနာဝါကျအဆုံး၌ ဣတိ သဒ္ဒါ ရှိရမည်။
(င) စောဒနာဝါကျနောက်၌ သောဓနာဝါကျကို ရေးရမည်။ သောဓနာဝါကျရေးရာ၌–
ကျိုးကြောင်းယုတ္တိပြ ဟေတု၊ ဖလ စသော ဝါကျများဖြင့် သင့်သလိုရေးနိုင်သည်။ သို့မဟုတ် ဝုစ္စတေ–ဟု ရေး၍ ယင်းနောက်မှ ဝိတ္ထာရဝါကျ၊ တပ္ပါကဋ္ဌိ ကရဏဝါကျများ ဆက်ရေးရမည်။

## နိဒဿနတဗ္ဗဝါကျာနိ(ပါဠိတော် အဋ္ဌကထာများ၌လာသော နမူနာဝါကျများ)

၁။ နနု စာယံ သဒ္ဒါ ပဋ္ဌမဇ္ဈာနေပိ အတ္ထိ၊ အယဉ္စ ဧကောဒိနာမကော သမာဓိ၊ အထ ကသ္မာ ဣဒမေဝ 'သမ္ပသာဒနံ စေတသော ဧကောဒိဘာဝဉ္စာ'တိ ဝုတ္တန္တိ? ဝုစ္စတေ၊ အဒုံ ဟိ ပဌမဇ္ဈာနံ ဝိတက္ကဝိစာရ–က္ခောဘေန ဝီစိတရင်္ဂသမာကုလမိဝ ဇလံ န သုပ္ပသန္နံ ဟောတိ (ပ)။
(ဘိ၊ဋ္ဌ၁၊၂၁၄)

၂။ နနု စ သုညတော အနိမိတ္တော အပ္ပဏိဟိတောတိ တီဏိ မဂ္ဂဿ နာမာနိ (ပ) တေသု ဣဓ ဒွေ မဂ္ဂေ ဂဟေတွာ အနိမိတ္တော ကသ္မာ န ဂဟိတောတိ? အာဂမနာဘာဝတော။ အနိမိတ္တဝိပဿနာ ဟိ သယံ အာဂမနီယဋ္ဌာနေ ဌတွာ အတ္တနော မဂ္ဂဿ နာမံ ဒါတုံ န သက္ကောတိ။
(ဘိ၊ဋ္ဌ၁၊၂၆၇)

၃။ နနု စ ဝေဒနာဘေဒေါ တာဝ ယုတ္တော တာသံ ဘိန္နသဘာဝတ္တာ၊ ဉာဏသမ္ပယုတ္တဘေဒေါ ပန ကထန္တိ? ဉာဏသမ္ပယုတ္တာနံ ဘာဝါဘာဝကတောပိ ဘေဒေါ ဉာဏသမ္ပယုတ္တကတော ဝ ယထာ ဝဿကတော သုဘိက္ခော ဒုဗ္ဘိက္ခောတိ၊ တသ္မာ ဉာဏသမ္ပယုတ္တကတော ဘေဒေါ ဉာဏ–သမ္ပယုတ္တဘေဒေါတိ န ဧတ္ထ ကောစိ ဝိရောဓော။ (ဋီကာကျော်၊ ၉၀)

## ပရိစယဝါကျာနိ(လေ့ကျင့်ခန်းဝါကျများ)

၁။ ဦးတိဿနှင့် ဦးမိတ္တတို့သည် ဆရာတော် ဦးဉာဏ၏ တပည့်ချည်းဖြစ်ကြသည်မဟုတ်လော။ သို့ပါလျက် ဆရာတော်သည် အဘယ့်ကြောင့် ဦးတိဿကိုသာ စာချဘုန်းကြီး အဖြစ်ဖြင့် ချီးမြှောက်၍ ဦးမိတ္တကို မချီးမြှောက်သနည်းဟူမူ? ဦးတိဿသည်သာ စာပေပို့ချနိုင်သော အရည်အချင်းနှင့် ပြည့်စုံသည့်အပြင် ဆရာ့စကားကိုလည်း နားထောင်သောကြောင့် ဖြစ်သည်။

နနု စာယသ္မာ စေဝ တိဿော အာယသ္မာ စ မိတ္တော မဟာထေရဿ အာယသ္မတော ဉာဏဿ သိဿာယေဝ ဟောန္တိ၊ အထ ကသ္မာ သော မဟာထေရော အာယသ္မန္တံ မေဝ တိဿံ ဂဏဝါစကဘာဝေန အနုဂ္ဂဟံ ကရောတိ၊ န ပနာယသ္မန္တံ မိတ္တန္တိ? ဝုစ္စတေ၊ အာယသ္မာ ဟိ တိဿောယေဝ ပရိယတ္တိဝါစနထာမေန သမန္နာဂတော ဟောတိ၊ သောယေဝ အာစရိယဿ ဝစနမ္ပိ သုဏာတိ၊ တသ္မာ ဧဝံ ယထာဝုတ္တနယေန ကရောတိ။

၂။ ဦးတိက္ခနှင့် ဦးမန္ဒတို့သည် စာချဆရာတော် ဦးပညာထံ၌ သာသနတက္ကသိုလဓမ္မာစရိယတန်း ဒုတိယနှစ် ပညာရပ်များကို သင်ယူနေကြသော စာသင်သားများ ဖြစ်ကြသည်မဟုတ်လော။ သို့ပါလျက် အဘယ့်ကြောင့် ဦးတိက္ခသာ နှစ်ဝက်စာမေးပွဲ၌ အောင်မြင်၍ ဦးမန္ဒမှာ မအောင်မြင်သနည်းဟူမူ? ဦးတိက္ခသည်သာ စာဝါမှန်မှန်တက်သည့်ပြင် စာလည်းကြိုးစား၊ ဉာဏ်လည်းကောင်းသောကြောင့် ဖြစ်သည်။

နနု စာယသ္မာ စေဝ တိက္ခော အာယသ္မာ စ မန္ဒော ဓမ္မာစရိယဿ အာယသ္မတော ပညာနာမကဿ မဟာထေရဿ သန္တိကေ သာသနတက္ကသိုလဓမ္မာစရိယပဗ္ဗေ ဒုတိယဝဿေ သိပ္ပုဂ္ဂဟဏကာ သောတုဇနာ ဟောန္တိ၊ အထ ကသ္မာ အာယသ္မာ ယေဝ တိက္ခော အဍ္ဎဝဿပဉှာဗျာကရဏသဘာယံ ဇိနာတိ၊ န ပနာယသ္မာ မန္ဒောတိ? ဝုစ္စတေ၊ အာယသ္မာ ဟိ

တိက္ခော့ဿော ပရိယတ္တိဝါစနမဂ္ဂ ယထာကာလံ ပရိယာပုဏာတိ၊
သောဿော ပရိယတ္တိ အာရဘတိ စေဝ တိက္ခဥာဏော စ ဟောတီတိ။

၃။ ကိုရင်လာဘသည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ 'စာပေ ပညာရပ်များကို ကြိုးစားသင်ယူမည်'ဟူသော ရည်ရွယ်ချက်ဖြင့် လာသည် မဟုတ်လော။ သို့ပါလျက် သူသည် အဘယ့်ကြောင့် စာပေပညာရပ်များကို ကြိုးစားပြီး မသင်ယူသနည်းဟူငြားအံ့? ထိုကိုရင်၏ ရည်ရွယ်ချက်သည် ဖွဲ့ပုံ၌ စိုက်ထားအပ်သော တိုင်ကဲ့သို့ မခိုင်မြဲ၊ သူသည် အပေါင်းအသင်း လည်းမင်၏၊ အအိပ်လည်းမက်၏၊ ထို့ကြောင့်ဖြစ်သည်။

နနု စ သာမဏေရော လာဘော ဝေဇိတပရိယတ္တိသာသနဝိသာဝိဇ္ဇာလယေ 'ပရိယတ္တိ မဟုဿာဟေန ဥဂ္ဂဏှိဿာမိ'တိ အာဂတော၊ အထ ကသ္မာ သော န ဥဂ္ဂဏှာတီတိ? ဝုစ္စတေ၊ တဿ ဟိ မတိ ဘုသရာသိမှိ ဥဿာပိတထမ္ဘော့ဝိယ န ထိရာယတိ၊ သော စ သင်္ဂဏိကာရာမောပိ ဟောတိ နိဒ္ဒါရာမောပီတိ။

## ၂။ အနိယမ၊ နိယမ ဝါကျများ

**နိဒါန်း**။ ။ တစ်စုံတစ်ခုကိုရည်ညွှန်း၍ ပြောဆိုရာ၌ မသေချာသော ရည်ညွှန်းချက်ကို အနိယမဟု ခေါ်သည်။ ယင်း အနိယမဝါကျကို ယ-သဗ္ဗနာမ်ပုဒ်ဖြင့် ရေးသားလေ့ ရှိသည်။

ဤသို့ရေးရာ၌-

ယ-ကိုဝိဘတ်ခုနစ်သွယ်သက်၍ အနိယမနာမ်စားအဖြစ်ဖြင့် ရေးသည်။

ယ-နောင်ဝိဘတ်ခုနစ်သွယ်သက်ကာ ဝိသေသနပုဒ် အဖြစ်လည်းရေးသည်။

ယ-နောင် ထာ၊ ဒါ စသော ပစ္စည်းဆက်၍လည်း ရေးသည်။

ယာဝ၊ ယာဝတိကာ၊ ယာဝကီဝဥ္စ၊ ယာဝဒေဝ၊ ယာဒိသော စသော နိပါတ်ပုဒ်တို့ဖြင့်လည်း ရေးသည်။

မည်သည့်ပုံစံဖြင့် ရေးသည်ဖြစ်စေ၊ အနိယမဝါကျကို ရေးပြီးလျှင် တိကျသော အနက်ကို ညွှန်ပြသည့် နိယမဝါကျကိုလည်း ရေးရပါမည်။ မြန်မာပြန်လျှင်

ပေါင်း၍ပြန်နိုင်သည်။ ရံခါ နိယမဝါကျချည်း ရေးလေ့ရှိသည်။ ယင်းသို့ ရေးလျှင် အနိယမဝါကျကို ဖော်၍ အနက်ပေးရမည်။ အနိယမပုဒ်ညွှန်ပြသော အဓိပ္ပာယ်ကို နိယမသဒ္ဒါက လက်ဆင့်ကမ်းဟောသည်။

## (က) ဥပဒေသော

အနိယမဝါကျရေးလျှင်–

(က) ယ–သဗ္ဗနာမ်ပုဒ်နောင် ဝိဘတ်ခုနစ်သွယ်သက်၍ ရေးရမည်။

(ခ) ယ–နောင် ဝိဘတ်ခုနစ်သွယ်သက်ကာ ဝိသေသနပုဒ် အဖြစ်ဖြင့်လည်း ရေးနိုင်သည်။

(ဂ) ယ–နောင် ထာ၊ ဒါ စသော ပစ္စည်းဆက်၍ 'ယထာ၊ ယဒါ၊ ယတ္ထကော' စသည်ဖြင့်လည်း ရေးနိုင်သည်။ ထိုတွင် ယတ္ထက ပုဒ်ဖြစ်လျှင် ဝိဘတ် ခုနစ်သွယ်အလိုက် ရုပ်ပြောင်းလဲမှု ရှိသည်။

(ဃ) ယာဝ၊ ယာဝတိကာ၊ ယာဝကီဝဠ၊ ယာဝဒေဝ၊ ယာဒိသ စသော နိပါတ်ပုဒ်တို့ဖြင့်လည်း ရေးနိုင်သည်။ ထိုတွင် ယာဒိသ ပုဒ်ဖြစ်လျှင် ဝိဘတ်ခုနစ်သွယ်အလိုက် ရုပ်ပြောင်းလဲမှုရှိသည်။

## (ခ) ဥပဒေသော

နိယမဝါကျရေးရာ၌ အနိယမဝါကျ၏ ဥပဒေသအတိုင်းပင် ဖြစ်သည်။ တ သဒ္ဒါပြောင်း၍ ရေးရုံသာထူးသည်။ အနိယမဝါကျနှင့် နိယမဝါကျတို့ကို ရှေ့နောက် သင့်သလို ထားနိုင်သည်။ အများအားဖြင့် အနိယမပုဒ်နှင့် နိယမပုဒ်တို့ ဝိဘတ် တူရမည်။ သို့သော် မတူဘဲလည်း ရေးနိုင်သည်။

## နိဒဿနတဗ္ဗဝါကျာနိ

၁။ ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။

(ဝိ၊ ၃၊ ၅၁)

၂။ ယော ပဋိစ္စသမုပ္ပန္နံ ပဿတိ၊ သော ဓမ္မံ ပဿတိ။

၃။ ယေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ (ပ) ဇေတဝနေ၊ တေန ခေါ ပန သမယေန။

၄။ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရိဿာမိ။ (လက္ခဏာ၊ ကရိဏ်း)

၅။ ယထာ မေ တွံ အင်္ဂမင်္ဂါနိ ပရာမသိ၊ ဧဝံ (တထာ) သမဏော ဥဒါယိ ပရာမသိ။ (ဥပမာနတ္ထ)

၆။ ယဒါ မေဃော အဘိဝဿတိ၊ တဒါ မေ အာစိက္ခာဟိ။

၇။ ယတ္တကေ ဣစ္ဆထ၊ တတ္တကေ ဘုဉ္ဇထ။

၈။ န တာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခုနိယော သာဝိကာ န ဘဝိဿန္တိ။

၉။ ယာဝဒေဝါဟံ ဘဝံ ပုရိသော ဒဟရော ဟောတိ (ပ)၊ တာဝဒေဝ ပရမေန ပညာဝေယျတ္တိယေန သမန္နာဂတော ဟောတိ။

၁၀။ ယာဝကီဝဉ္စ အာနန္ဒ ဝဇ္ဇီ သမဂ္ဂါ ကရဏီယာနိ ကရိဿန္တိ၊ တာဝ ဝုဒ္ဓိယေဝ အာနန္ဒ ဝဇ္ဇီနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၁၁။ ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

၁၂။ နတ္ထိ ဘန္တေ တာဒိသာနိ ဒါရူနိ၊ ယာနာဟံ အယျဿ ဒဒေယျံ။

၁၃။ တာဒိသီ ဟောမိ၊ ယာဒိသီ ခေမာ စ ဘိက္ခုနီ ဥပ္ပလဝဏ္ဏာ စ။

## ပရိစယဝါကျာနိ

၁။ အတတ်ပညာကို ကြိုးစားသင်ယူသူသည် အောင်မြင်မှုကိုရသည်။
ယော သိပ္ပံ မဟုဿာဟေန ဥဂ္ဂဏှာတိ၊ သော ဇယံ လဘတိ။

၂။ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ကျွန်ုပ်နေတုန်း ကျွန်ုပ်ထံ သူရောက်လာ၏။
ယေန သမယေနာဟံ ရန်ကုန်နဂရေ ကမ္ဘာအေးတိတ္ထလေ ဝေဇိတ ပရိယတ္တိသာသနဝိဿဝိဇ္ဇာလယေ ဝိဟရာမိ၊ တေန ခေါ ပန သမယေန သော မမံ အာဂစ္ဆတိ။

၃။ နှင်းကျရင် ငါ့ကိုပြောစမ်းပါ။
ယဒါ ဟိမံ ပတတိ၊ တဒါ မေ အာစိက္ခာဟိ။

၄။ အသက်ရှိသလောက် ရည်းစားရှိ၏။
ယာဝတကွဿ အာယု၊ တာဝတကွဿ ပိယာ။
၅။ ဦးတိဿသည် ရုပ်ချောသလောက် သဘောကောင်း၏။
ယာဝဒေဝါယသ္မာ တိဿော အဘိရူပေါ ဟောတိ၊ တာဝဒေဝ သော သုမနော။
၆။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ နေသမျှကာလပတ်လုံး ကျွန်ုပ် ဆွမ်းခံထွက်ရမည်မဟုတ်။
ယာဝကီဝဉ္စာဟံ ဝေဇိတပရိယတ္တိသာသနဝိဿဝိဇ္ဇာလယေ ဝိဟာရာမိ၊ န တာဝ ပိဏ္ဍာယ စရိဿာမိ။
၇။ တက္ကသိုလ်စည်းကမ်းကို လိုက်နာနေသ၍ ငါ တက္ကသိုလ်မှ ထွက်ရမည် မဟုတ်။
ယာဝကီဝဉ္စာဟံ တက္ကသီလာယ မရိယာဒံ နာတိက္ကမာမိ၊ န တာဝ တက္ကသီလတော ပက္ကမိဿာမိ။
၈။ ငါလိုချင်တဲ့ ပညာမျိုး တက္ကသိုလ်မှာရှိတယ်။
အတ္ထိ တက္ကသီလာယံ တာဒိသံ သိပ္ပံ၊ ယာဒိသာဟံ ဣစ္ဆေယျံ။

## ၃။ ပဋိသေဓဝါကျ

**နိဒါန်း။** ။ တစ်စုံတစ်ယောက်သည် တစ်စုံတရာကို ပြုလုပ်မည်၊ ပြောဆိုမည်ရှိသော အခါ၌ မပြုအောင်၊ မပြောအောင် တားမြစ်သောဝါကျကို ပဋိသေဓ ဝါကျဟု ခေါ်သည်။ ယင်းသို့ တားမြစ်ရာ၌ မသွားနဲ့၊ မလုပ်နဲ့၊ မပြောနဲ့၊ မဆိုနဲ့ စသည်ဖြင့် ကြိယာအမူအရာကို တားမြစ်ရသောကြောင့် တားမြစ်မှုကို ဖော်ပြသော နိပါတ်ပုဒ်နှင့် အတားမြစ်ခံ ကြိယာတို့သည် လိုရင်းပဓာနပုဒ်များ ဖြစ်ကြသည်။

တားမြစ်သည်ဆိုရာဝယ် ပစ္စုပ္ပန်နှင့် အနာဂတ်ကြိယာများကိုသာ တားမြစ်နိုင်သည်။ အတိတ်ကြိယာကိုကား လွန်ပြီးဖြစ်၍ တားမြစ်ရန် မဖြစ်နိုင်။ သို့သော် တစ်ရံတစ်ခါ အတိတ်ဝိဘတ်တို့နှင့် တွဲစပ်၍ သုံးလေ့ရှိသည်။ ယင်းအခိုက်၌ အတိတ်ဝိဘတ်တို့သည် အတိတ်ကာလဟူသော အနက်ထူးကို မဟော။ တားမြစ်ခြင်း ပဋိသေဓအနက်ကိုသာ ဟောသည်။ (နီတိ သုတ္တ၊ ၈၈၈၊ ၈၈၉၊ ၈၉၀၊ ၈၉၁)

**ဥပဒေသာ**

(က) နနောနဟိမာအလံဟလံက္ကစ္စတော နိုသေဓ–ဟူသော ရှုပသိဒ္ဓိအရ ပဋိသေဓဝါကျကို န နော နဟိ မာ အလံ ဟလံ စသော နိပါတ်ပုဒ်တို့ဖြင့် ရေးရမည်။

(ခ) ယင်းနိပါတ်တို့ကို ယေဘုယျအားဖြင့် ဝါကျအစ၌ ထား၍ ရေးရမည်။

(ဂ) မာနိပါတ်နှင့်တွဲ၍ ရေးရာ၌ ကြိယာကို ဝတ္တမာန်၊ ပဉ္စမီ၊ ပရောက္ခာ၊ ဟိယျတ္တနီ၊ အဇ္ဇတ္တနီ ဝိဘတ်တို့ဖြင့် ရေးရမည်။

(ဃ) ကြိယာကို မစ္ဆိမပုရိသ်ဖြင့် ရေးရမည်။ ရံခါ အခြားဝိဘတ်များကိုလည်း အသုံးပြုနိုင်သည်။

(င) န နော နဟိ သဒ္ဒါတို့၌ ကြိယာသတ်မှတ်ချက် မရှိပါ။

(စ) အလံ၊ ဟလံ သဒ္ဒါတို့၌ ကြိယာထည့်ရန် မလိုပါ။

**နိဒဿနဝါကျာနိ**

**မာသဒ္ဒါ** ၁။ မာ ဇဝံ ဝိတက္ကယိတ္ထ။ (ဒီ၊၁၊၂၀၇) အဇ္ဇတ္တ။

၂။ မာ ဟေဝံ ဗြာဟ္မဏ အဝစ။ (ဇာ၊၄၊၇၊၁၈) ဟိယျ ဩကို တ္ထပြု။

၃။ မာ စိန္တယိ။ (ဇာ၊၄၊၇၊၂၁) အဇ္ဇ ဩကို ဣပြု။

၄။ မာ ဒေဝ ပရိဒေဝေသိ။ (ခု၊၆၊၃၂၉) ဝတ္တမာန် သိ။

၅။ မာ တေ ဘဝန္တွန္တ ရာယာ။ (ခု၊၄၊၃၂၀) ပဉ္စမီ အန္တု။

၆။ ဒါဠိနီ မာတိမညဝှါ (ခု၊၅၊၃၈) ပရောက္ခာ ဝှါ။

**န နော နဟိ** ၁။ နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ။(အံ၊၁၊၃)

**အလံ၊ ဟလံ** ၁။ အလံ ပုဏ္ဏ တိဋ္ဌတေတံ၊ မာ မံ ဧတံ ပုစ္ဆိ။ (မ၊၂၊၅၀)

၂။ အလံ အာဝုသော၊ န တံ ပဒေသံ ဂန္တုံ ဣစ္ဆာမိ။

၃။ အလံ မယှံ မဏ္ဍေန။ (ဇာ၊ ၄၊ ၇၊ ၂၂)

**ပရိစယဝါကျာနိ**

၁။ ငါ့ရှင် စာသင်ချိန်မှာ ဟိုဟိုသည်သည် မတွေးနဲ့။
မာ တွမာဝုသော သိပ္ပုဂ္ဂဟဏကာလေ ယံ ဝါ တံ ဝါ စိန္တယိ။

၂။ တော်ပြီအမေ၊ အဲသည်ထမင်းကို ကျွန်တော် မစားချင်တော့ဘူး။
အလံ အမ္မ၊ နာဟံ တံ ဘောဇနံ ဘုဉ္ဇိတုံ ကာမေမိ။

၃။ ငါ ဒီနေ့ ဘုရားဝတ်တက် မလိုက်တော့ဘူး။
နာဟံ ဣမသ္မိံ ဒိနေ ဗုဒ္ဓဝန္ဒနတ္ထာယ ဂမိဿာမိ။

## ၄။ ပရိကပ္ပဝါကျ

**နိဒါန်း။** ။ မြန်မာစကား၌ အကယ်၍...လျှင်ဟူသော စကားမျိုးကို ပြောလေ့ရှိ၏။ ယင်းစကားသည် ကြံဆပြောဆိုသော ပရိကပ္ပစကား ဖြစ်သည်။ ပရိကပ္ပဝါကျသည် အကြောင်းစကားရပ်တစ်ခုကို အခြေခံ၍ ဖြစ်ပေါ်လာမည့် အကျိုး သို့မဟုတ် အပြစ်များကို ကြံဆပြောဆိုခြင်းဖြစ်၍ ကြံဆသလိုဖြစ်သည်လည်း ရှိ၏။ မဖြစ်သည်လည်းရှိ၏။ ကြံဆရာ၌မူ ဖြစ်နိုင်သည်ကိုသာ ကြံဆ၍ ပြောလေ့ရှိပါသည်။

ပရိကပ္ပကို ဖော်ပြနိုင်သော နိပါတ်များမှာ ယဒိ၊ သစေ၊ စေ၊ အထ စသော နိပါတ်များဖြစ်၏။ ယင်းနိပါတ်များကို ကြိယာနှင့်တွဲ၍ အနက်ပေးရမည်။ ကြိယာနှင့်တွဲရာ၌ ကြိယာသည် မိမိအနက်ကိုစွန့်၍ ပရိကပ္ပအနက်ကို ဟောသည်။ (သဒ္ဒဝုတ္တိ)

**နိယာမ်များ**

၁။ ယဒိ သစေ၊ စေနှင့်အထ၊ ယှဉ်ထကြိယာ၊ ဟောသည်မှာ၊ မှန်စွာ ပရိကပ္ပတည်း။ (ကြီး-၄၅)

၂။ ယဒိ သစေ၊ တွေ့လေရာကား၊ ဝေ သတိ၊ ဘော်ဘွယ်ရှိ၏၊ ယုတ္တိစမ်းခြင်း၊ မြဲလေမင်း။ (ဟိစပန - ၁၉)

၃။ ဝေ သတိ၊ သန္တေချိုလျက်၊ နောက်ကိုတက်က၊ လဒ္ဓဒေါသ၊ လဒ္ဓဂုဏ၊ ထိုနှစ်ဝမှာ၊ ရသင့်ရာကို၊ ဆရာကေန် ပြသတည်း။ (ကြီး-၅၉)

၄။ ယဒိဇဝံ၊ နှစ်ပါးပြွမ်းလျက်၊ တတ်စွမ်းသောလျောက်၊ အပြစ်ကောက်မှု၊ နောက်စကားကို၊ မှတ်သားကိုင်လျက်၊ ယဒိထက်ဝယ်၊ စွက်သည်ကြိယာ၊ အသစ်ရှာ၊ ဇဝံနောက်မှာ၊ သတိလာ၊ သန္ဒေသုလည်း ရှုံတစ်ခါ။
(ဟိစပန-၂၅)

**ဥပဒေသော**

(က) အကြောင်းဝါကျ၊ အကျိုးဝါကျဟု နှစ်ဝါကျ ရေးရမည်။

(ခ) အကြောင်းဝါကျ အစ၌ ယဒိ စသော နိပါတ်ပုဒ်များကို ရေးရမည်။ စေနိပါတ်ဖြစ်မူ ဝါကျအစ တစ်ပုဒ်နောင်ထား၍ ရေးရမည်။

(ဂ) အကြောင်းဝါကျကြိယာကို သတ္တမီဝိဘတ်ဖြင့် ရေးရမည်။ သစေ သဒ္ဒါနှင့် တွဲစပ်ရာ၌ ဝတ္တမာန် ဝိဘတ်ကိုလည်း ရေးနိုင်သည်။

(ဃ) အကျိုးဝါကျအစ၌ ဇဝံ၊ ဇဝံ သတိ သဒ္ဒါတို့ကို ရေးလေ့ရှိသည်။ မရေးဘဲလည်း ထားနိုင်သည်။

(င) အကျိုးဝါကျကြိယာကို ဝတ္တမာန်၊ သတ္တမီ၊ ဘဝိဿန္တိ၊ ကာလာတိပတ္တိ ဝိဘတ်တို့ဖြင့် သင့်သလို ရေးနိုင်သည်။

(စ) အကျိုးဝါကျ တစ်ဝါကျတည်းရေးလျှင် ဝါကျအစ၌ ယဒိ ဇဝံ သဒ္ဒါကို ထား၍ ရေးရမည်။

**နိဒဿနဝါကျာနိ**

၁။ သစေ ဘိက္ခဝေ ပေသော ဟတ္ထာရောဟပုတ္တော မဟုတ္တံ နိသီဒေယျ၊ ယာဝဿာဟံ ဣမေ စတ္တာရော ပုဂ္ဂလေ ဝိတ္ထာရေန ဝိဘဇိဿာမိ၊ မဟတာ အတ္ထေန သံယုတ္တော အဘဝိဿ။ (မ၊ ၂၊ ၅)

၂။ ပုစ္ဆေယျာဟံ ဘန္တေ ဘဂဝန္တံ ကိဉ္စိဒေဝ ဒေသံ၊ သစေ မေ ဘဂဝါ ဩကာသံ ကရောတိ ပဉှဿ ဝေယျာကရဏာယ။ (မ၊ ၂)

၃။ ယဒိ ဟိ စိတ္တံ ဌာနက္ခဏေ ဝါ ဘင်္ဂက္ခဏေ ဝါ ရူပံ သမုဋ္ဌာပေယျ၊ ပဋိသန္ဓိစိတ္တမ္ပိ ရူပံ သမုဋ္ဌာပေယျ။ (ဘိ၊ ဋ္ဌ၊ ၂၊ ၂၂)

၄။ ယဒိ စ ဟေတုပဋိဗဒ္ဓေါ ကုသလာဒိဘာဝေါ၊ တဒါ အဟေတုကာနံ အဗျာကတဘာဝေါ န သိယာ။ (ဋီကာကျော်-၁၂၄)

၅။ ရုပ္ပနဋ္ဌေန ဝတ္တု သီတာဒိဝိရောဓိပစ္စယသမဝါယေ ဝိသဒိသုပ္ပတ္တိယေဝ။ ယဒိ ဧဝံ အရူပဓမ္မာနမ္ပိ ရူပဝေါဟာရော အာပဇ္ဇတိ။ (ဋီကာကျော်-၇၅)

## ပရိစယဝါကျာနိ

၁။ တကယ်လို့သာ ငါတို့ တက္ကသိုလ်မှာ ဘာသန္တရကိုသာ အဓိကထားပြီး ပို့ချမယ်ဆိုရင် တက္ကသိုလ်ရဲ့ ဂုဏ်သတင်းဟာ နိုင်ငံရပ်ခြားအထိ ပျံ့နှံ့သွားပေလိမ့်မယ်။

ယဒိ အမှာကံ တက္ကသီလာယံ ဘာသန္တရမေဝ အဓိကံ ကတွာ ဝါစေယျ၊ တက္ကသီလာယ ကိတ္တိသဒ္ဒေါ ရဋ္ဌန္တရမ္ပိ ဂမိဿတိ။

၂။ တကယ်လို့ မင်း ဆရာတော်ထံ သွားဖြစ်ရင် ငါ့အကြောင်းကို ဘာမှ မပြောလိုက်ပါနဲ့။

ယဒိ တွံ မဟာထေရဿ သန္တိကံ ဂစ္ဆေယျာသိ၊ မာ ကိဉ္စိ မမ ပဝတ္တိံ အာရောစေဟိ။

၃။ အကယ်၍ မင်းရဲ့မေတ္တာကိုသာ ငါရမယ်ဆိုရင် ဒီလောကမှာ ငါ့ထက် ပျော်သူ ရှိမှာ မဟုတ်ဘူး။

သစာဟံ တဝ မေတ္တံ လဘေယျာမိ၊ နတ္ထိ ဣမသ္မိံ လောကေ မယာ ပမောဒမာနတရော။

၄။ အကယ်၍ ဒီနှစ် စာမေးပွဲ ကျမယ်ဆိုရင် ငါ မုချ ကျောင်းထွက်ရလိမ့်မယ်။

သစာဟံ ဣမသ္မိံ ဝဿေ ပဉ္စဿဝသဘာယံ ပရာဇယာမိ၊ ဧကံသေန ဝိဟာရတော ပက္ကမိဿာမိ။

၅။ ဒီလိုသာ မင်း အပျင်းထူနေရင် ဘယ်လိုလုပ် စာမေးပွဲ အောင်နိုင်မလဲ။

တွံ အတိဝိယ အလသောသိ၊ ယဒိ ဧဝံ ကိန္တိ ပဉ္စဿဝသဘာယံ ဇယံ လဘိတုံ သက္ကာ။

## ၅။ ကာလာတိပတ္တိဝါကျ

**နိဒါန်း။** ။ အကြောင်းချို့တဲ့၍ ဖြစ်သင့်သောအရာများ ဖြစ်ခွင့်မရသောကြောင့် အကျိုးဆုံးရှုံးရသော နေရာမျိုး၊ လုပ်သင့်သည်ကိုမလုပ်၊ မလုပ်သင့်သည်ကို လုပ်မိသဖြင့် ဖြစ်သင့်သောအရာများ ဖြစ်ခွင့်မရသောကြောင့် အကျိုးဆုံးရှုံးရသော နေရာမျိုးတို့၌ ကာလာတိပတ္တိဝါကျ (ဝါ) ကြိယာတိပန္နဝါကျကို အသုံးပြုလေ့ရှိသည်။ ဖြစ်ခွင့်ပင်မရသော်လည်း ဖြစ်သင့်သောအချိန်ကာလ၊ ရသင့်သော အကျိုးများကား လွန်မြောက်ဆုံးရှုံးသွားပြီဖြစ်သောကြောင့် အတိတ်ကာလပင် ဖြစ်သည်။

သို့သော် အကြောင်းဝါကျနှင့် အကျိုးဝါကျ နှစ်ဝါကျလုံး အတိတ်ဖြစ်သလို အကြောင်းဝါကျသာ အတိတ်ဖြစ်၍ အကျိုးဝါကျက အနာဂတ်ဖြစ်သော ဝါကျမျိုးလည်း ရှိပါသည်။ ယင်းနှစ်မျိုးကို စွဲ၍ ကာလာတိပတ္တိဝါကျသည် အတိတ်၊ အနာဂတ် ကာလနှစ်မျိုး၌ သက်သည်ဟု သဒ္ဒါကျမ်းများ၌ ဆိုပါသည်။

(နီတိ၊ ပဒ၊ ၇၀၊ မောဂ်၊ တျာဒိ၊ ၇)

**ဥပဒေသော**

(က) အကြောင်းဝါကျ၊ အကျိုးဝါကျဟု နှစ်ဝါကျရေးရမည်။ ရှေ့နောက်ကိုမူ သင့်သလို ထားနိုင်သည်။

(ခ) ယင်းနှစ်ဝါကျ ကတ္တားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သင့်သလို ရေးနိုင်သည်။

(ဂ) အကြောင်းဝါကျ၏ အစ၌ ပရိကပ္ပဇောတက နိပါတ် စေ၊ သစေ သဒ္ဒါများ ပါရမည်။

(ဃ) ကြိယာရေးသောအခါ တစ်ရံတစ်ခါ နှစ်ဝါကျလုံး ကာလာတိပတ္တိဝိဘတ်ဖြင့် ရေးသည်။ တစ်ရံတစ်ခါ အကျိုးဝါကျ၌သာ ကာလာတိပတ္တိဖြင့် ရေး၍ အကြောင်းဝါကျ၌ ဝတ္တမာန်၊ ပဉ္စမီ၊ သတ္တမီ၊ ဘဝိဿန္တိဝိဘတ်များဖြင့် ရေးသည်။

**နိဒဿေတဗ္ဗဝါကျာနိ** (အတိတ်အနက်ဟောဝါကျ၊ ဖြစ်ရာပြီ၊ ဖြစ်တန်ရာပြီ)

၁။ သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေါရောပေဿထ၊ ဣမသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထ။ (ဒီ၊ ၁၊ ၈၁)

၂။ သစေ ဟိ အယံ ပဌမဝယေ ဘောဂေ အခေပေတွာ ကမ္မန္တေ ပယောဇယိဿာ၊ ဣမသ္မိံယေဝ နဂရေ အဂ္ဂသေဋ္ဌိ အဘဝိဿာ၊ သစေ ပန နိက္ခမိတွာ ပဗ္ဗဇိဿာ၊ အရဟတ္တံ ပါပုဏိဿာ။

၃။ သစေ သတ္ထာ အဂါရံ အဇ္ဈာဝသိဿ၊ စက္ကဝတ္တိရာဇာ အဘဝိဿ။ (ဇာ၊ ၄၊ ၂၊ ၃၅၃)

(အနာဂတ်အနက်ဟောဝါကျ၊ ဖြစ်ရာလတ္တံ့)

၄။ စိရမ္ပိ ဘက္ခော အဘဝိဿာ၊ သစေ န ဝိဝဒါမသေ။ (ခု၊ ၅၊ ၁၅၉)

၅။ သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ၊ စိရဋ္ဌိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ။ (အံ၊ ၃၊ ၁၀၅)

၆။ အယံ အင်္ဂုလိမာလဿ မာတာ အင်္ဂုလိမာလံ အာနေဿာမိတိ ဂစ္ဆတိ၊ သစေ သမာဂမိဿတိ၊ အင်္ဂုလိမာလော အင်္ဂုလိသဟဿံ ပူရေဿာမိတိ မာတရံ မာရေဿတိ၊ သစာဟံ နာဂမိဿာမိ၊ မဟာဇာနိယော အဘဝိဿာ။ (မ၊ ၄၊ ၃၊ ၂၂၉)

**တစ်နည်း။** ။ ကြိယာကို လွန်ခြင်း ကြိယာတိပန္နသည် ကာလသတ်မှတ်ချက်မရှိ။ ထို့ကြောင့် ကာလာတိပတ္တိဝိဘတ်ကို ကာလသုံးပါးတို့၌ သက်နိုင်သည်။ (နီတိ၊ ပဒ၊ ၇၇)

အတိတ် ။ ။ သော စေ ဟိယျော ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။

ပစ္စုပ္ပန် ။ ။ သော စေ အဇ္ဇ အနတ္ထင်္ဂတေ သူရိယေ ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။

အနာဂတ် ။ ။ သော စေ သွေ ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။

**ပရိစယဝါကျာနိ**

၁။ မနေ့က ဒီကလေး အဖျားဖြတ်ဆေး သောက်ခဲ့ရင် ခုလောက်ဆို သူ့အဖျား ပြတ်လောက်နေပြီ။

သစေ ဟိယျော အယံ ဒါရကော ဇရနာသကံ ဘေသဇ္ဇံ အပိဝိဿာ၊ တဿ ဇရော ဒါနိ အနဿိဿာ။

၂။ လောက၌ ဘုရားရှင်သာ ပွင့်တော်မမူခဲ့ဘူးဆိုရင် လူသားများမှာ 'ဤကား ကုသိုလ်၊ ဤကား အကုသိုလ်'ဟု သိနိုင်ကြမည် မဟုတ်ပါ။

နော စေ ဗုဒ္ဓေါ လောကေ သမုပ္ပဇ္ဇိဿာ၊ န မနုဿာ 'ဣဒံ ကုသလံ၊ ဣဒံ အကုသလ'န္တိ အဇာနိဿံသု။

၃။ သတ္တဝါတွေရဲ့ သန္တာန်မှာ အကုသိုလ်တရားတွေသာ မရှိခဲ့ကြဘူးဆိုရင် လူသားကမ္ဘာကြီး၌ လူသားများ ဆင်းရဲနှင့် ရင်ဆိုင်ကြရမှာ မဟုတ်ဘူး။

သစေ သတ္တာနံ သန္တာနေ အကုသလာ ဓမ္မာ န သံဝိဇ္ဇိဿံသု၊ မနုဿာ လောကေ ဒုက္ခံ နာနုဘဝိဿံသု။

၄။ လူ့ဘောင်လောကသည် ဒုက္ခမျိုးစုံတို့နှင့် ရောပြွမ်းနေမှန်း ဦးဗလ ကျကျနန သိမယ်ဆိုရင် သူ လူထွက်ဖြစ်မှာ မဟုတ်ဘူး။

သစေ အာယသ္မာ ဗလော "အဂါရိယော နာနာဒုက္ခာနံ သမ္ပရိကိဏ္ဏော" တိ သမ္မဒေဝ ဇာနေယျ၊ န သော ဟီနာယာဝတ္တိဿာ။

## ၆။ သချာဝါကျ

နိဒါနံ။ ။ အရာဝတ္ထုတို့၏ အရေအတွက်ကို ပြောဆိုရာ၌ သချာဝါကျကို အသုံးပြုလေ့ ရှိသည်။ ယင်းဝါကျကို သင်္ချပဝါကျဟုလည်း ခေါ်သည်။ သချာဝါကျကို ရေးရာ၌ ပါဠိတော်နည်း၊ အဋ္ဌကထာ ဋီကာနည်းဟု နှစ်မျိုး ခွဲခြားနိုင်သည်။ တစ်နည်းအားဖြင့် ပုစ္ဆာဝါကျပါသော သချာဝါကျ၊ ပုစ္ဆာဝါကျမပါသော သချာ ဝါကျဟု နှစ်မျိုးခွဲခြားနိုင်သည်။ ထိုတွင် ပုစ္ဆာဝါကျပါသော သချာဝါကျကား ပါဠိတော်နည်း ဖြစ်၏။ အဋ္ဌကထာ၊ ဋီကာနည်း၌ကား ပုစ္ဆာဝါကျပါသည်လည်း ရှိ၏။ မပါသည်လည်း ရှိ၏။

ပုစ္ဆာဝါကျရေးရာ၌ ကတမ သဒ္ဒါဖြင့်လည်း ရေးကြ၏။ သေယျထိဒံ သဒ္ဒါဖြင့်လည်း ရေးကြ၏။ အနက်ပေးသောအခါ သေယျထိဒံသဒ္ဒါကို ကတမသဒ္ဒါဖြင့် ပရိယာယ်ပြောင်း၍ ပေးကြသည်။

**ဥပဒေသော**

(က) ရှေးဦးစွာ **အပေါင်းသင်္ချာပြဝါကျ** ရေးရမည်။ အပေါင်းသင်္ချာဝါကျ၌ သင်္ချာပုဒ်ကို ဝိဘတ်ခုနစ်သွယ်ဖြင့် ရေးရမည်။

(ခ) သင်္ချာပုဒ်နောင် ဝိဘတ်တူ ဝိသေသျ နာမ်ပုဒ်ကို ရေးရမည်။

(ဂ) ထို့နောက် **ပုစ္ဆာဝါကျ** ရေးရမည်။ ပုစ္ဆာဝါကျကို ပုစ္ဆာဇောတက ကတမသဒ္ဒါ သေယျထိဒံသဒ္ဒါတို့ဖြင့် ရေးရမည်။ ကတမသဒ္ဒါ၏ လိင်၊ ဝုစ်၊ ဝိဘတ်ကိုမူ အပေါင်းသင်္ချာပြပုဒ်အတိုင်း ရေးရမည်။

(ဃ) ထို့နောက် **ဝိသဇ္ဇနာဝါကျ**ခေါ် အစိတ်သချ်ေယျဝါကျ ရေးရမည်။ ယင်းဝါကျ၌ အစိတ်သချ်ေယျပုဒ်များကို ပထမာသိဝိဘတ်ဖြင့်ရေး၍ ပုဒ်တိုင်းနောင် စ သဒ္ဒါရှိရမည်။ တစ်ရံတစ်ခါ စ သဒ္ဒါမပါဘဲလည်း ရေးသည်။

(င) အဆုံး၌ **နိဂုံးဝါကျ**ရေးရမည်၊ ယင်းဝါကျ၌ ဣမသဗ္ဗနာမ်ပုဒ်၊ သင်္ချာပုဒ်၊ ဝိသေသျနာမ်ပုဒ်များဖြင့် ရေးရမည်။ ယင်းပုဒ်များအစား ဣတိ သဒ္ဒါဖြင့်လည်း ရေးနိုင်သည်။

(စ) အာလုပ်ပုဒ် ထည့်လိုက ထည့်နိုင်သည်။ မထည့်လိုက နေနိုင်သည်။

**နိဒဿေတဗ္ဗဝါကျာနိ**

၁။ ဒွေမာနိ ဘိက္ခဝေ ဝဇ္ဇာနိ၊ ကတမာနိ ဒွေ? ဒိဋ္ဌဓမ္မိကဉ္စ ဝဇ္ဇံ သမ္ပရာယိကဉ္စ ဝဇ္ဇံ (မ) ဣမာနိ ခေါ ဘိက္ခဝေ ဒွေ ဝဇ္ဇာနိ။ (အံ၊ ၁၊ ၄၉)

၂။ ဒွေမာ ဘိက္ခဝေ ဝဿူပနာယိကာ၊ ကတမာ ဒွေ? ပုရိမိကာ စ ပစ္ဆိကာ စ၊ ဣမာ ခေါ ဘိက္ခဝေ ဒွေ ဝဿူပနာယိကာ။ (ဝိ၊ ၃၊ ၁၉၂)

၃။ တီဟိ ဘိက္ခဝေ ဌာနေဟိ ကထာ ပဝတ္တိနီ ဟောတိ၊ ကတမေဟိ တီဟိ? ယော ဓမ္မံ ဒေသေတိ၊ သော အတ္ထပ္ပဋိသံဝေဒီ စ ဟောတိ ဓမ္မပ္ပဋိသံဝေဒီ စ ဟောတိ (ပ) ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ ဌာနေဟိ ကထာ ပဝတ္တိနီ ဟောတိ။ (အံ၊ ၁၊ ၁၄၉)

၄။ စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဘဗ္ဗော ပရိဟာနာယ နိဗ္ဗာနဿေဝ သန္တိကေ၊ ကတမေဟိ စတူဟိ? ဣဓ ဘိက္ခဝေ ဘိက္ခု သီလသမ္ပန္နော ဟောတိ၊ ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ၊ ဘောဇနေ မတ္တညူ ဟောတိ၊ ဇာဂရိယံ အနုယုတ္တော ဟောတိ၊ (ပ) ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဘဗ္ဗော ပရိဟာနာယ နိဗ္ဗာနဿေဝ သန္တိကေ။ (အံ၊ ၁၊ ၃၄၈)

အဋ္ဌကထာ၊ ဋီကာများတွင် အခြားနည်းဖြင့်ရေးသော သင်္ချာဝါကျများကိုလည်း တွေ့ရသည်။ ယင်းဝါကျများမှာ အကျဉ်းအားဖြင့်–

၁။ ပုစ္ဆာ ဝိသဇ္ဇနာပါသော သင်္ချာဝါကျ၊

၂။ ပုစ္ဆာ ဝိသဇ္ဇနာ မပါသော သင်္ချာဝါကျ ဟု နှစ်မျိုးရှိ၏။

ပုစ္ဆာ ဝိသဇ္ဇနာ မပါသော သင်္ချာဝါကျသည်လည်း

၁။ သရူပဝါကျရှေ့ကနေသော သင်္ချာဝါကျ၊

၂။ သရူပဝါကျနောက်ကနေသော သင်္ချာဝါကျဟု နှစ်မျိုးရှိ၏။

သရူပဝါကျ ရှေ့ကနေသော သင်္ချာဝါကျတွင်လည်း

၁။ သရူပနှင့် သရူပဝန္တတို့ ဝိဘတ်တူသော သင်္ချာဝါကျ၊

၂။ သရူပနှင့် သရူပဝန္တတို့ ဝိဘတ်မတူသော သင်္ချာဝါကျဟု နှစ်မျိုးကွဲပြား၏။

ယင်းဝါကျများ၏ ပုံစံများကို အစဉ်အတိုင်း ဖော်ပြသွားပါမည်။ ဥပဒေသ သီးခြားမထုတ်ပါ။ ပုံစံကြည့်၍ မှတ်ကြရန်ဖြစ်သည်။

## ပုစ္ဆာ ဝိသဇ္ဇနာ ပါသော သင်္ချာဝါကျ

ဒွေ ပုရိသာ အာဂစ္ဆန္တိ၊ ကတမေ ဒွေ? တိဿော စ ဒတ္တော စာတိ။

ဒွေ ပုရိသာ အာဂစ္ဆန္တိ၊ သေယျထိဒံ? တိဿော စ ဒတ္တော စာတိ။

## သရုပဝါကျ ရှေ့ကနေသော သချာဝါကျများ

တိဿော စ ဒတ္တော စာတိ ဒွေ ပုရိသာ အာဂစ္ဆန္တိ။

(ဝိဘတ်တူဝါကျ)

အဟံ တိဿေန စ ဒတ္တေန စာတိ ဒွီဟိ ပုရိသေဟိ သမာဂမိံ။

(ဝိဘတ်တူဝါကျ)

အဟံ တိဿော စ ဒတ္တော စာတိ ဒွီဟိ ပုရိသေဟိ သမာဂမိံ။

(ဝိဘတ်မတူဝါကျ)

အဟံ တိဿဒတ္တဝသေန ဒွီဟိ ပုရိသေဟိ သမာဂမိံ။

(ဝိဘတ်မတူဝါကျ)

## သရုပဝါကျနောက်ကနေသော သချာဝါကျ

ဒွေ ပုရိသာ အာဂစ္ဆန္တိ တိဿော စ ဒတ္တော စာတိ။

## ပရိစယဝါကျာနိ

၁။ သာသနာတော်၌ ရဟန်းတို့၏ အလုပ်တာဝန်တို့သည် ဤနှစ်မျိုးတို့ဖြစ်၏။ အဘယ်နှစ်မျိုးတို့နည်းဆိုသော်? ပရိယတ္တိတာဝန်နှင့် ပဋိပတ္တိတာဝန်တို့ ဖြစ်သည်။ သာသနာတော်၌ ရဟန်းတို့၏ အလုပ်တာဝန်တို့ကား ဤနှစ်မျိုးတို့ ဖြစ်ပါသည်။

ဒွေမာနိ သာသနေ ဘိက္ခူနံ ဓုရာနိ၊ ကတမာနိ ဒွေ? ပရိယတ္တိဓုရဉ္စ ပဋိပတ္တိဓုရဉ္စ၊ ဣမာနိ ခေါ သာသနေ ဘိက္ခူနံ ဒွေ ဓုရာနီတိ။

၂။ ရဟန်းတော်တို့၏ သင်္ကန်းတို့သည် ဤသုံးမျိုးတို့ ဖြစ်၏။ အဘယ်သုံးမျိုးတို့နည်းဆိုသော်? သင်းပိုင်, ဧကသီ, ဒုကုဋ်တို့ ဖြစ်သည်။ ရဟန်းတော်တို့၏ သင်္ကန်းတို့ကား ဤသုံးမျိုးတို့ ဖြစ်ပါသည်။

တီဏိမာနိ ဘိက္ခူနံ စီဝရာနိ၊ ကတမာနိ တီဏိ? အန္တရဝါသကော စ ဥတ္တရာသင်္ဂေါ စ သင်္ဃာဋိ စ၊ ဣမာနိ ခေါ ဘိက္ခူနံ တီဏိ စီဝရာနီတိ။

၃။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နယ်မြေ၌ ဆွမ်းစားဆောင် နှစ်ဆောင် ရှိ၏။ ယင်းနှစ်ဆောင်တို့ကား အဘယ်နည်းဆိုသော်?

မိုးကုတ်ဆွမ်းစားဆောင်နှင့် စိန်ဘရားသားဆွမ်းစားဆောင်တို့ ဖြစ်သည်။ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နယ်မြေ၌ ဤဆွမ်းစားဆောင်နှစ်ဆောင်တို့ ရှိသည်။

ဒွေမာ ဘောဇနသာလာယော ဟောန္တိ ရန်ကုန်နဂရေ ဝေဇိတပရိယတ္တိသာသနတက္ကသိလာဘူမိယံ၊ ကတမာ ဒွေ? မိုးကုတ်နာမိကာ စ ဘောဇနသာလာ စိန်ဘရားသားနာမိကာ စ၊ ဣမာ ခေါ ဒွေ ဘောဇနသာလာယော ဟောန္တိ ရန်ကုန်နဂရေ ဝေဇိတပရိယတ္တိသာသနတက္ကသိလာဘူမိယန္တိ။

## ၇။ ကိဠေတ္ထဝါကျ

**နိယာမ်**။ ။ ကိဠေတ္ထပုဒ်၊ ထုတ်၍ရှိမူ၊ ကိဥ္စိနောက်မှ၊ အဝသိဌ၊ ယံ အတ္ထိနှင့်၊ တံ ဗြူဟိကို၊ ဆို၍ထည့်ငြား၊ ရှေ့နားကမှာ၊ တဝ စောဒနာ၊ အသမတ္ထာကို၊ ဆောင်ကာစွက်၍ အနက်သမ္ဗန်မြဲ။ (ကြီး၊ ၅၆)

**နိဒါန်**။ ။ တစ်စုံတစ်ရာကို သိလို၍ မေးရာ၌ အချို့မေးခွန်းမှာ ဟုတ်လေသလော၊ မဟုတ်လေသလောဟူသော ယုံမှားသံသယဒွိဟများ ပါနေတတ်သည်။ ယင်းမေးခွန်း၏ အဖြေကို ကြံဆကြည့်ပြန်တော့လည်း လက်ခံနိုင်လောက်သောအဖြေ မဟုတ်ပေ။ ထို့ကြောင့် မေးခွန်း၏ အဖြေကို ကြံဆပြီး ယင်းအဖြေကို ဖယ်ရှားလိုသော နေရာမျိုး၌ ကိဠေတ္ထဝါကျကို ရေးလေ့ရှိသည်။

**ဥပဒေသော**

(က) ဆန့်ကျင်ဘက် အစွန်းနှစ်ဖက်ပါသော ပုစ္ဆာ နှစ်ဝါကျရေးရမည်။ ပုစ္ဆာဝါကျ၏ အစ၌ ကိံ ပန သဒ္ဒါဖြင့် စတင်ရေးရမည်။

(ခ) ပုစ္ဆာဝါကျများအကြားတွင် ဥဒါဟု–သို့မဟုတ် ဝါ–ဟူသော ဝါကျဆက်ပုဒ်များ ပါရမည်။ မပါဘဲလည်း ရေးနိုင်သည်။ အဆုံး၌ ဣတိ သဒ္ဒါ ပါရမည်။

(ဂ) ယင်းနောက်၌ ကိဠေတ္ထပုဒ်ရေးရမည်။

(ဃ) ကိစ္စေတ္ထနှင့် တစ်ဆက်တည်း ယဒိသဒ္ဒါဖြင့် စတင်သောဝါကျ၊ အထသဒ္ဒါဖြင့် စတင်သောဝါကျဟု နှစ်ဝါကျရေးရမည်။ ယင်းဝါကျများသည် ပုစ္ဆာဝါကျများ၏ အဖြေကို ကြံဆသော ပရိကပ္ပဝါကျများ ဖြစ်ရမည်။ ယဒိပါသောရှေ့ဝါကျ၌ တာဝ သဒ္ဒါခံပေးရမည်။

(င) ယင်းနောက်၌ အထက်ပါ ပရိကပ္ပဝါကျများကို တားမြစ်ကန့်ကွက်သော ပဋိသေဓဝါကျ ရေးရမည်။ ပဋိသေဓဝါကျကို သဗ္ဗမေတံ အကာရဏံ၊ နာယံ ဒေါသော၊ နာယံ ဝိရောဓော၊ န အဘာဝေါ စသော ဝါကျများဖြင့် ရေးရမည်။ အခြားသင့်လျော်သော ပဋိသေဓဝါကျများဖြင့်လည်း ရေးနိုင်သည်။

(စ) ယင်းနောက်၌ ပဋိသေဓပြုရခြင်း၏ အကြောင်းပြ ကာရဏဝါကျ ရေးရမည်။

## နိဒဿနဝါကျများ

၁။ ကိံ ပနေတာနိ "ကုသလာတိ ဝါ၊ ဓမ္မာတိ ဝါ" တိအာဒီနိ ဧကတ္တာနိ, ဥဒါဟု နာနတ္တာနီတိ? ကိဉ္စေတ္ထ – ယဒိ တာဝ ဧကတ္တာနိ၊ "ကုသလာ ဓမ္မာ"တိ ဣဒံ "ကုသလာ ကုသလာ" တိဝုတ္တသဒိသံ ဟောတိ။ အထ နာနတ္တာနိ၊ တိကဒုကာနံ ဆက္ကစတုက္ကဘာဝေါ အာပဇ္ဇတိ၊ ပဒါနဉ္စ အသမ္ဗန္ဓော။ သဗ္ဗမေတံ အကာရဏံ။ ကသ္မာ? ယထာနုမတိဝေါဟာရသိဒ္ဓိတော။ (ဘိ၊ ဋ္ဌ၊ ၁ – ၈၂)

၂။ ကိံ ပနာယမေကာဝ အဝိဇ္ဇာ သင်္ခါရာနံ ပစ္စယော၊ ဥဒါဟု အညေပိ ပစ္စယာ ဟောန္တီတိ။ ကိဉ္စေတ္ထ – ယဒိ တာဝ ဧကာဝ၊ ဧကကာရဏဝါဒေါ အာပဇ္ဇတိ။ အထ အညေပိ သန္တိ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဧကကာရဏနိဒ္ဒေသော နုပပဇ္ဇတီတိ။ န နုပပဇ္ဇတိ။ ကသ္မာ? ယသ္မာ(ပ) တသ္မာ(ပ) ပယောဇနံ ဝေဒိတဗ္ဗံ။ (ဘိ၊ ဋ္ဌ၊ ၂၊ ၁၃၉–၁၄၀)

၃။ ကိံ ပနေတံ ပဿန္တော သုတ္တော ပဿတိ, ပဋိဗုဒ္ဓေါ၊ ဥဒါဟု နေဝ သုတ္တော န ပဋိဗုဒ္ဓေါတိ? ကိဉ္စေတ္ထ – ယဒိ တာဝ သုတ္တော ပဿတိ၊ အဘိဓမ္မဝိရောဓော အာပဇ္ဇတိ။ (ပ) အထ ပဋိဗုဒ္ဓေါ ပဿတိ၊ ဝိနယဝိရောဓော အာပဇ္ဇတိ။ (ပ) အထ နေဝ သုတ္တော န ပဋိဗုဒ္ဓေါ ပဿတိ၊ ကော နာမ ပဿတိ၊

ဇဝဠ သတိ သုပိနသ္မ အဘာဝေါ ဝ အာပဇ္ဇတိတိ? န အဘာဝေါ။ ကသ္မာ? ယသ္မာ ကပိမိဒ္ဓပရေတော ပဿတိ။ (ပ) သုပိနံ ပဿတိ။

## ပရိစယဝါကျာနိ

၁။ မကျန်းမာတဲ့ ရဟန်းဟာ ဆွမ်းစားသင့်သလား။ ဒါမှမဟုတ် မစားသင့်ဘူးလား။ ဆွမ်းစားမယ်ဆိုရင် သူ့ရောဂါ ထပ်တိုးလိမ့်မယ်။ မစားဘူးဆိုရင် အားယုတ်သွားလိမ့်မယ်။ ဒါတွေက အကြောင်းမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆရာဝန် ညွှန်ကြားချက်ကိုသာ လိုက်နာရမှာဖြစ်လို့ပါ။

ကိံ ပန ဂိလာနေန သမဏေန ဘောဇနံ ဘုဉ္ဇိတုံ ယုတ္တံ၊ ဥဒါဟု အယုတ္တန္တိ? ကိဉ္စေတ္ထ – ယဒိ တာဝ ဘောဇနံ ဘုဉ္ဇတိ၊ တဿ ရောဂဿ ဝဍ္ဎနံ အာပဇ္ဇတိ။ အထ န ဘုဉ္ဇတိ၊ ဗလဿ ဟာယနံ အာပဇ္ဇတိ။ သဗ္ဗမေတံ အကာရဏံ။ ကသ္မာ? ဘိသက္ကဿ ဝစနံ သောတုံ ယုတ္တဘာဝတော။

၂။ သာသနတက္ကသိုလ်မဟာဝိဇ္ဇာစရိယ ဒုတိယနှစ်၌ ပါဠိဘာသာပုစ္ဆာတို့သည် ဖြေဖို့ လွယ်သလား၊ ခက်သလား။ တကယ်လို့ လွယ်တယ်ဆိုရင် သာသနာ့တက္ကသိုလ်ဆိုတဲ့ အမည်နဲ့ ဆန့်ကျင်လိမ့်မယ်။ ခက်တယ်ဆိုရင်လည်း စာသင်သား တွေမှာ စိတ်သိပ်ပင်ပန်းလိမ့်မယ်။ ဒါတွေ မဖြစ်နိုင်ပါဘူး။ အကြောင်းကတော့ ဆရာတွေဟာ ပို့ချထားတဲ့ ပို့ချစဉ်အတိုင်း ပုစ္ဆာထုတ်ကြတာမို့ပါ။

ကိံ ပန သာသနတက္ကသီလမဟာစရိယပဗ္ဗေ ဒုတိယဝဿေ ပါဠိဘာသာ ပုစ္ဆာယော ဝိဿဇ္ဇေတုံ သုကရံ၊ ဥဒါဟု ဒုက္ကရန္တိ? ကိဉ္စေတ္ထ – ယဒိ တာဝ သုကရံ၊ သာသနတက္ကသီလဝိဿဝိဇ္ဇာလယာတိနာမေန ဝိရောဓော။ အထ ဒုက္ကရံ၊ သောတုဇနာနံ စိတ္တဿ ကိလမထော။ သဗ္ဗမေတံ အကာရဏံ။ ကသ္မာ? အာစရိယေဟိ ယထာဝုတ္တဿ ဝါစနာမဂ္ဂဿ အနုရူပါ ပုစ္ဆာ ဥဒ္ဒရိတဗ္ဗာ။

❀ ❀ ❀ ❀ ❀

## ပါဠိဝါကျတည်ဆောက်နည်းများ

# နိဂုံး

သတ္တပညာသာမိကမှိ၊ တိသတေကသဟဿကေ။
မာဃမာသေ ကာဠပက္ခေ၊ နဝမေ နိဋ္ဌိတော ဘဝေ။

မန္ဒပ္ပညော အပ္ပသုတော၊ ပမာဒေါ ခလိတံ ကရေ။
ပဏ္ဍိတော သူပမံ ကတွာ၊ မေတ္တာစိတ္တေန သောဓယေ။

# ပတ္ထနာ

ဓမ္မဒါနေန ဝါ’ညေန၊ ဓမ္မိကာ ဓမ္မမာမကာ။
ဓမ္မေနေဝ သုရက္ခန္တု၊ ဓမ္မေသကော ဝိဇ္ဇာလယေတိ။

# မိုငြမ်းကိုးကားသော ကျမ်းစာများ
# (ပါဠိ - ၂၀၁ (က) အတွက်)

(က) ပါဠိတော်များ
၁။ ဧကက ဒုက တိက စတုက္ကနိပါတပါဠိ
၂။ အင်္ဂုတ္တိုရ် နဝက ဒသက ဧကာဒသကနိပါတပါဠိ
၃။ မဇ္ဈိမပဏ္ဏာသပါဠိ
၄။ သီလက္ခန္ဓဝဂ္ဂပါဠိ

(ခ) အဋ္ဌကထာများ
၁။ အဋ္ဌသာလိနီအဋ္ဌကထာ
၂။ ဇာတကဋ္ဌကထာ (ဒုတိယော ဘာဂေါ)
၃။ ဇာတကဋ္ဌကထာ (သတ္တမော ဘာဂေါ)
၄။ သမ္မောဟဝိနောဒနီအဋ္ဌကထာ

(ဂ) ဂန္ထန္တရ
၁။ ဋီကာကျော်ပါဌ်

[မှတ်ချက်။ ။ အစဉ်အလာအရ "မိုငြမ်းကိုးကားသော ကျမ်းစာများ" စာရင်းကို
ဆိုင်ရာ စာကိုယ်၊ နိဂုံး၏ နောက်တွင် ထားလေ့ရှိပါသည်။]

# မှီငြမ်းကိုးကားသော ကျမ်းစာများ
## (ပါဠိ – ၁၀၁ (က) အတွက်)

**(က) ပါဠိတော်များ**

၁။ ဥပရိပဏ္ဏာသပါဠိ
၂။ ဧကက ဒုက တိက စတုက္ကနိပါတပါဠိ
၃။ ဇာတကပါဠိ (ဒုတိယော ဘာဂေါ)
၄။ ပရိဝါရပါဠိ
၅။ ပါရာဇိကပါဠိ
၆။ မဟာဝဂ္ဂပါဠိ (ဝိနယပိဋက)
၇။ မဟာဝဂ္ဂပါဠိ (သုတ္တန္တပိဋက)
၈။ မူလပဏ္ဏာသပါဠိ
၉။ မဇ္ဈိမပဏ္ဏာသပါဠိ
၁၀။ သီလက္ခန္ဓဝဂ္ဂပါဠိ

**(ခ) အဋ္ဌကထာများ**

၁။ အဋ္ဌသာလိနီအဋ္ဌကထာ
၂။ ဇာတကဋ္ဌကထာ (ပဌမော ဘာဂေါ)
၃။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ
၄။ သမ္မောဟဝိနောဒနီအဋ္ဌကထာ

**(ဂ) ဂန္ထန္တရ**

၁။ ဋီကာကျော်ပါဌ်

[မှတ်ချက်။ ။ အစဉ်အလာအရ "မှီငြမ်းကိုးကားသော ကျမ်းစာများ" စာရင်းကို ဆိုင်ရာ စာကိုယ်၊ နိဂုံး၏ နောက်တွင် ထားလေ့ရှိပါသည်။]